# ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကို လေ့လာတင်ပြခြင်း

စာတမ်းပြုစုတင်ပြသူ-

ဒေါက်တာချိုမာဌေး
ဒုတိယညွှန်ကြားရေးမှူး
လုပ်ထုံး၌ာနခွဲ

ဒေါ်မွန်မွန်စံ
လက်ထောက်ညွှန်ကြားရေးမှူး
ဥပဒေဌာနခွဲ

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်

## ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကို လေ့လာတင်ပြခြင်း

### မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **နိဒါန်း** | ၁ |
| | **ပထဝီဆိုင်ရာအချက်အလက်အကျဉ်း** | ၁ |
| ၁။ | **ဂျာမနီ ဖက်ဒရယ်သမ္မတနိုင်ငံတော်အဖြစ် တည်ထောင်ပေါ်ပေါက်လာပုံနှင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သမိုင်းကြောင်း** | ၃ |
| | ၁.၁။ ၁၈၄၈ မတ်လတော်လှန်ရေးနှင့် ၁၈၄၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၄ |
| | ၁.၂။ မြောက်ဂျာမန်ကွန်ဖက်ဒရေးရှင်းကို ထူထောင်ခြင်းနှင့် ၁၈၆၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၄ |
| | ၁.၃။ Weimar သမ္မတနိုင်ငံသစ်နှင့် ၁၉၁၉ ခုနှစ် Weimar ဖွဲ့စည်းပုံ အခြေခံဥပဒေ | ၅ |
| | ၁.၄။ ဒုတိယကမ္ဘာစစ်နှင့် ဂျာမနီနိုင်ငံနှစ်ပိုင်းကွဲခြင်း | ၆ |
| | ၁.၅။ ဂျာမနီသမ္မတနိုင်ငံ (အနောက်ဂျာမနီ)၏ ၁၉၄၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၆ |
| | ၁.၆။ နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခြင်းနှင့် ၁၉၄၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြုပြင်ပြောင်းလဲ၍ ဆက်လက်ကျင့်သုံးခြင်း | ၇ |
| ၂။ | **ဂျာမနီ ဖက်ဒရယ်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရစနစ်** | ၇ |
| | ၂.၁။ အုပ်ချုပ်ရေး | ၈ |
| | ၂.၂။ ဥပဒေပြုရေး | ၁၀ |
| | ၂.၂.၁။ ဥပဒေကြမ်းများ တင်သွင်းခြင်း | ၁၁ |

၂.၂.၂ ။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့် အရေးပေါ် အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များ ၁၃
၂.၃။ တရားစီရင်ရေး ၁၄
၂.၄။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ၁၅
**၃။ ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံ၏ ဖက်ဒရယ်စနစ်နှင့် အစိုးရအဆင့်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း (Federalism of Germany and Division of Power)** ၂၁
၃.၁။ ဂျာမနီနိုင်ငံ၏ ဖက်ဒရယ်စနစ် ၂၁
၃.၁.၁။ နယ်မြေတည်တံ့ခိုင်မြဲရေး၊ ခွဲမထွက်ရေးမူ (Territorial Perpetuation)နှင့် ထင်ရှားသည့်အမှု ၂၁
၃.၁.၂။ ပူးပေါင်းဆောင်ရွက်မှု ဖက်ဒရယ်စနစ် (Cooperative Federalism) ၂၂
၃.၂။ အစိုးရအဆင့်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း ၂၃
၃.၂.၁။ ဖက်ဒရယ်ဥပဒေပြုအာဏာ (Exclusive Legislative Power of the Federation) ၂၃
၃.၂.၂။ ကြွင်းကျန်ဥပဒေပြုအာဏာ (Residual Legislative Power) ၂၃
၃.၂.၃။ အာဏာခွဲဝေကျင့်သုံးခြင်းနှင့်စပ်လျဉ်းသည့် ထင်ရှားသောအမှု ၂၄
၃.၂.၄။ တစ်ပြိုင်တည်း ဥပဒေပြုအာဏာ ( Concurrent Legislative Power) ၂၅
**၄။ သုံးသပ်တင်ပြချက်** ၂၇
**ကျမ်းကိုးစာရင်း** ၃၂

## ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကိုလေ့လာတင်ပြခြင်း

### နိဒါန်း


ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံ (နောင်တွင်“ဂျာမနီနိုင်ငံ”ဟုဖော်ပြသွားပါမည်)သည် စတင်တည်ထောင်စဉ်ကပင် **“နိုင်ငံပေါင်းစုပြည်ထောင်စု”** ဟူသည့် ကွန်ဖက်ဒရေးရှင်းအဖြစ် တည်ထောင်ခဲ့ပြီး စစ်ဘေးဒဏ်ကြောင့် အကြိမ်ကြိမ်ပြိုကွဲ၍ ပြန်လည်ပေါင်းစည်းခဲ့ရသော နိုင်ငံဖြစ်ပါသည်။ ကွန်ဖက်ဒရေးရှင်းမှ **“ပြည်နယ်ပေါင်းစုပြည်ထောင်စု”** ဟူသည့် ဖက်ဒရေးရှင်းအဖြစ်သို့ တည်ထောင်ရာတွင် စစ်မက်ဖြစ်ပွားခြင်း၊ စီးပွားပျက်ကပ် ကြုံတွေ့ရခြင်း၊ အကြွင်းမဲ့အာဏာရှင်စနစ်ကို ကြုံတွေ့ရခြင်း၊ နိုင်ငံပြိုကွဲခြင်း စသည့်အမျိုးမျိုးသောအခက်အခဲများကို ရင်ဆိုင်ပြီးမှ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေးနှင့် နိုင်ငံပေါင်းစည်းရေးကို သမိုင်းစဉ်တစ်လျှောက် ကြိုးပမ်း အောင်မြင်ခဲ့သောနိုင်ငံလည်း ဖြစ်ပါသည်။

### ပထဝီဆိုင်ရာအချက်အလက်အကျဉ်း

ဂျာမနီနိုင်ငံသည် ဥရောပတိုက်အလယ်ပိုင်းတွင် တည်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၃၅၇၁၁၄ စတုရန်းကီလိုမီတာ ကျယ်ဝန်းကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နယ်နိမိတ်အကျယ်အဝန်းအောက် နှစ်ဆနီးပါးငယ်ကြောင်း တွေ့ရှိရပါသည်။ ဂျာမနီနိုင်ငံ၏မြောက်ဘက်တွင် မြောက်ပင်လယ်၊ ဒိန်းမတ်နိုင်ငံနှင့် ဘောလ်တစ်ပင်လယ်၊ အရှေ့ဘက်တွင် ပိုလန်နိုင်ငံနှင့် ချက်သမ္မတနိုင်ငံ၊ တောင်ဘက်တွင် ဩစတြီးယားနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံ၊ အနောက်ဘက်တွင် ပြင်သစ်နိုင်ငံ၊ လူဇင်ဘတ်နိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံနှင့်နယ်သာလန်နိုင်ငံတို့က ဝန်းရံလျက်ရှိသည်။ ဂျာမနီနိုင်ငံသည် ကမ္ဘာပေါ်တွင်စီးပွားရေးအရ တတိယအင်အားအကြီးမားဆုံးနိုင်ငံဖြစ်သည်။ ဂျာမနီနိုင်ငံတွင် အဓိကနေထိုင်ကြသောလူမျိုးများမှာ ဂျာမန်လူမျိုးများဖြစ်ကြသည်။ ရုံးသုံးဘာသာစကားမှာ ဂျာမန်ဘာသာစကားဖြစ်သည်။ ဂျာမနီနိုင်ငံတွင် ပြည်နယ်ပေါင်း ၁၆ ပြည်နယ်[၁] ပါဝင်သည်။ မြို့တော်မှာ ဘာလင်မြို့ဖြစ်သည်။ ဂျာမနီသည် ကမ္ဘာ့နိုင်ငံပေါင်း (၁၉၅) နိုင်ငံနှင့် သံတမန်ဆက်ဆံရေးရှိပြီး ကုလသမဂ္ဂ (UN)၊ ဥရောပသမဂ္ဂ (EU)၊ မြောက်အတ္တလန်တိတ်မဟာမိတ် (NATO)၊ ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (OSCE)၊ ဥရောပကောင်စီ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD)၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) စသည့်ထင်ရှားသော နိုင်ငံတကာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံလည်းဖြစ်ပါသည်။

---

[၁] ပြည်နယ်များမှာ- Berlin, Bavaria, Lower Saxony, Baden-Württemberg, Rhineland-Palatinate, Saxony, Thuringia, Hesse, North Rhine-Westphalia, Saxony-Anhalt, Brandenburg, Mecklenburg-Vorpommern, Hamburg, Schleswig-Holstein, Saarland, Bremen စသည်တို့ဖြစ်ပါသည်။




ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံ၏ မြေပုံ

## ၁။ ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံတော်အဖြစ် တည်ထောင်ပေါ်ပေါက်လာပုံနှင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏သမိုင်းကြောင်း

အေဒီ ၁၀၀ ခန့်တွင် ရောမအင်ပါယာအင်အားနည်းလာချိန်၌ ဂျာမန်လူမျိုးများသည် ဥရောပတစ်ခွင်သို့ ဝင်ရောက်ပျံ့နှံ့နေထိုင်လာခဲ့ကြကာ မြို့ပြနိုင်ငံများထူထောင်ခဲ့ကြသည်။ ဂျာမန်များသည် နိုင်ငံတစ်နိုင်ငံတည်းအဖြစ် စုစည်းနေထိုင်ခဲ့ခြင်းမရှိဘဲ သြစတြီးယား (Austria) ၊ ပရပ်ရှား (Prussia)၊ ဘာဗေးရီးယား (Bavaria) စသည်ဖြင့် ဘုရင်အုပ်ချုပ်သောပြည်ထောင်များ၊ မြို့စားပိုင်နက်များ၊ မြို့ပြနိုင်ငံများတည်ထောင်ခဲ့ကြပြီးဟိုလီရောမအင်ပါယာကို ထူထောင်ခဲ့သည်။ ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့သောမင်းဆက်များမှာ The Merovingian Dynasty (500–751)၊ The Carolingian Dynasty (752–911)၊ The Saxon Dynasty (919–1024)၊ The Salian Dynasty (1024–1125)၊ The Hohenstaufen Dynasty (1138–1254)၊ Early Habsburg Dynasty (1273–1519) စသည်တို့ဖြစ်ကြပါသည်။ Early Habsburg မင်းဆက်၏ ဘုရင်တစ်ဦးဖြစ်သော စတုတ္ထမြောက်ချားလ်စ်ဘုရင် (၁၃၅၅–၁၃၇၈) လက်ထက်တွင် **ဟိုလီရောမအင်ပါယာ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ**ကို ရေးဆွဲနိုင်ခဲ့သည်။ ၁၈၀၆ ခုနှစ်တွင် ပြင်သစ်ဘုရင် နပိုလီယန်ဘိုနာပတ် (နပိုလီယန် –၁) က ပရပ်ရှားကိုကျူးကျော် သိမ်းပိုက်ခဲ့ပြီး **ဟိုလီရောမအင်ပါယာကို ဖျက်သိမ်းခဲ့ရာအင်ပါယာ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း အဆုံးသတ်ခဲ့**သည်။[၂] ထိုဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထင်ရှားမှု၊ အကျိုးသက်ရောက်မှု နည်းပါးသော်လည်း **ကွန်ဖက်ဒရေးရှင်းပုံစံ** ဖြစ်သဖြင့် ဂျာမန်ဒေသတွင် ထိုခေတ်ကာလကတည်းကပင် ကွန်ဖက်ဒရေးရှင်းသဘောတရား ပေါ်ပေါက်နေပြီဖြစ်ကြောင်း၊ အမေရိကန် ကွန်ဖက်ဒရေးရှင်းထက်ကာလအားဖြင့်ဦးစွာပေါ်ပေါက်ကြောင်းတွေ့မြင်နိုင်ပါသည်။

နပိုလီယန် (၁) ကျဆုံးပြီးနောက် ၁၈၁၅ ခုနှစ်တွင် ဗီယင်နာညီလာခံကိုကျင်းပ၍ ဂျာမန် ဒေသရှိ (၃၇) ပြည်ထောင်ကိုစုစည်းကာ ဂျာမန်ကွန်ဖက်ဒရေးရှင်းကို ထူထောင်ခဲ့သည်။ ပရပ်ရှားတို့၏ သြဇာကြီးမားမှုကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ ကွန်ဖက်ဒရေးရှင်း၏ ဘုရင်အဖြစ် သြစတြီးယားဘုရင်အား တင်မြှောက်ခဲ့သည်။ ကွန်ဖက်ဒရေးရှင်းတွင် မဟာမိတ်သဟာယအဖြစ်စုဖွဲ့ပါဝင်သော ပြည်ထောင်များအနက်မှ Weimar, Bavarian, Baden နှင့် Wurttemberg ပြည်ထောင်များ၏ ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ၁၈၁၈ နှင့် ၁၈၁၉ ခုနှစ်များတွင် ပြဋ္ဌာန်းခဲ့ကြပြီးနောက် ကျန်ပြည်ထောင်များဖြစ်သည့် Hesse၊ Saxony ၊ Brunswick ၊ Hanover နှင့် Oldenburg တို့က ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေများကို အသီးသီးပြဋ္ဌာန်းနိုင်ခဲ့ကြသည်။ သို့ရာတွင်ကား ဖက်ဒရယ်ဖွဲ့စည်းပုံ

[၂] Germany, A Country Study Area Handbook Series, Federal Research Division, Library of Congress, edited by Eric Solsten, August 1995, 3rd edition, pp–xxiii–xxviii (Chronology of Important Events).

အခြေခံဥပဒေ သဘောသက်ဝင်သည့် ဂျာမန်အင်ပါယာ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကိုကား ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးပေ။[၃]

## ၁.၁။ ၁၈၄၈ မတ်လတော်လှန်ရေးနှင့် ၁၈၄၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၈၄၈ ခုနှစ်တွင်ဂျာမန်လူမျိုးများ၏လွတ်လပ်ခွင့်နှင့်အခွင့်အရေးများကိုတောင်းဆိုကြသည့် မတ်လတော်လှန်ရေးဖြစ်ပွားပြီးနောက်ကျင်းပခဲ့သည့် ညီလာခံက ပရက်ရှားဘုရင် ဖရက်ဒရစ်ဝီလျံ (၄) အား အင်ပါယာ၏ ဘုရင်အဖြစ်တင်မြှောက်ခဲ့သော်လည်း ဖရက်ဒရစ်ဝီလျံ (၄) သည် ရာထူးကိုငြင်းပယ်ခဲ့ပြီး အင်ပါယာ၏ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရန်သာ တောင်းဆိုခဲ့သည်။ သို့ဖြစ်၍ မတ်လတော်လှန်ရေးလှုပ်ရှားမှုကြီးကို ထိန်းသိမ်းနိုင်ခဲ့ပြီး **၁၈၄၉ ခုနှစ်တွင် ဂျာမန်အင်ပါယာ၏ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်ပေါ်ပေါက်**လာခဲ့သည်။[၄]

၁၈၄၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဂျာမန်သမိုင်းတွင် လူသားနှင့် အများပြည်သူတို့၏အခွင့်အရေးများကို တရားဝင်ခိုင်မာလာစေသည့် ပထမဆုံးအခြေခံဥပဒေဖြစ်သည်။ ထိုအခြေခံဥပဒေက အဓိကအာမခံထားသည့် အခွင့်အရေးများမှာ ဥပဒေအရ တန်းတူအခွင့်အရေးရပိုင်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ခွင့်၊ သေဒဏ်ပယ်ဖျက်ခွင့်တို့ဖြစ်သည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ Volkshaus (House of Common) နှင့် Staatenhause ( House of States) ဟူသည့် လွှတ်တော် ၂ ရပ် ပါဝင်သော ပါလီမန်တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ဖရက်ဒရစ်ဝီလျံ (၄) သည် ဂျာမန်အင်ပါယာအား ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် ဖက်ဒရယ်နိုင်ငံဖြစ်လိုသော်လည်း ဂျာမန်မင်းသားအများစုသည် ၎င်းတို့၏အချုပ်အခြာအာဏာကို စွန့်လွှတ်ရန်ငြင်းဆိုခဲ့ကြသဖြင့် **၁၈၄၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ရေးဆွဲပြီးတစ်နှစ်အကြာ ၁၈၅၁ ခုနှစ်တွင် ရပ်ဆိုင်းခဲ့**ပြီး ကွန်ဖက်ဒရေးရှင်းအဖြစ် နဂိုအတိုင်းပြန်လည် ဖြစ်သွားခဲ့သည်။[၅]

## ၁.၂။ မြောက်ဂျာမန်ကွန်ဖက်ဒရေးရှင်းကို ထူထောင်ခြင်းနှင့် ၁၈၆၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

ဖရက်ဒရစ်ဝီလျံ (၄) အားဆက်ခံသည့် ဝီလျံ (၁) ဘုရင် (၁၈၅၈-၈၈) သည် အော်တိုဗွန်ဘစ်စမတ်ခ် (၁၈၆၂-၉၀) အား နန်းရင်းဝန်အဓိပတိအဖြစ် ခန့်အပ်ခဲ့ပြီးနောက်ပိုင်း ဩစတြီးယားအား ကွန်ဖက်ဒရေးရှင်းမှဖယ်ထုတ်ခဲ့ကာ ကျန်ဂျာမန်ဒေသများကိုစုစည်း၍ မြောက်ဂျာမန်ကွန်ဖက်ဒရေးရှင်းကို ထူထောင်ခဲ့သည်။ ၁၈၆၇ ခုနှစ်တွင်

---

[၃] Germany, A Country Study Area Handbook Series, Federal Research Division, Library of Congress, edited by Eric Solsten, August 1995, 3rd edition, p– xxv.

[၄] အထက်ပါအောက်ခြေမှတ်စုအတိုင်းဖြစ်ပါသည်။

[၅] Constitutional History of Germany, https://constitutionnet.org/country/Germany.

မြောက်ဂျာမန်ကွန်ဖက်ဒရေးရှင်းကို တည်ထောင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲခဲ့သည်။ **၁၈၆၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ**သည် ပြည်နယ်များ၏ကိုယ်စားလှယ်များဖြင့်ပါဝင်ဖွဲ့စည်းထားသည့် Bundesraat ဖက်ဒရယ်ကောင်စီနှင့် မဲပေးရွေးချယ်ခန့်အပ်သည့်Reichstag တို့ကိုဖွဲ့စည်းကျင့်သုံးခဲ့သည်။ ယင်းနောက်တွင် ဂျာမန်အင်ပါယာသည် ကိုလိုနီနယ်အများအပြားကို တည်ထောင်နိုင်ခဲ့ပြီး ဥရောပ၏အင်အားကြီးနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။[၆] ထို့နောက်ပြင်သစ်နှင့် စစ်ဖြစ်ခဲ့ပြီး တောင်ပိုင်းဂျာမန်နိုင်ငံငယ်များသည် ပရပ်ရှားနှင့်ပူးပေါင်းကာ ၁၈၇၁ ခုနှစ် ဇန္နဝါရီလ ၁၈ ရက်နေ့ မှစ၍ ဂျာမန်နိုင်ငံတော်ကြီးအဖြစ် ပေါ်ပေါက်လာခဲ့သည်။[၇] **၁၈၆၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပထမကမ္ဘာစစ်ဖြစ်ပွားသည့်အခါ ရပ်ဆိုင်းသွားခဲ့သည်။**

## ၁.၃။ Weimar သမ္မတနိုင်ငံသစ်နှင့် ၁၉၁၉ ခုနှစ် Weimar ဖွဲ့စည်းပုံအခြေခံဥပဒေ

ဂျာမန်ကေရာဇ် ဒုတိယကိုင်ဇာဝီလျံ (၁၈၅၉– ၁၉၁၄)လက်ထက်တွင် ပထမကမ္ဘာစစ် (၁၉၁၄– ၁၈) ဖြစ်ပွားခဲ့ပြီး ၁၉၁၉ ခုနှစ် စစ်ပြေငြိမ်းရေးစာချုပ်အရ ဂျာမနီနိုင်ငံသည် စစ်လျော်ကြေးများအဆမတန်ပေးခဲ့ရသဖြင့် ယခင်ကမိမိပိုင်နယ်ပယ်အားလုံးကို စွန့်လွှတ်ခဲ့ရသည်။ ထို့နောက် ဂျာမနီသည် **၁၉၁၉ ခုနှစ်**တွင် **အခြေခံဥပဒေသစ်**ဖြင့် **Weimar သမ္မတနိုင်ငံ** ဖြစ်လာခဲ့သည်။[၈]

Weimar ဖွဲ့စည်းပုံအခြေခံဥပဒေကို ရှေ့နေများနှင့် လစ်ဗရယ် နိုင်ငံရေးသမားများက မူကြမ်းရေးဆွဲခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို ဝေမာပြည်နယ်တွင် ဂျာမန်အမျိုးသားလွှတ်တော်က ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ခဲ့သည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေသည် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေရှိ အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်သည့် Reichstag လွှတ်တော်နှင့် ဘာသာရေးအရ ကိုယ်စားပြုမှုများဖြစ်သည့် Reichstrat ပါဝင်သည့် လွှတ်တော် ၂ ရပ်ပါဝင်သော ပါလီမန်ကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ အဆိုပါ အခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒမဲပေးပိုင်ခွင့်ရရှိသည့် အနည်းဆုံးအသက်ကန့်သတ်ချက်ကို ၂၅ နှစ်မှ ၂၀ နှစ်အထိလျော့ချခဲ့သည်။ စီးပွားပျက်ကပ်ကြီးကူးစက်လာခြင်းနှင့်အစိုးရတည်ငြိမ်မှုမရှိခြင်းတို့သည် **Weimar ဖွဲ့စည်းပုံအခြေခံဥပဒေကို ရပ်ဆိုင်းစေခဲ့သည်။**[၉]

---

[၆] Germany, A Country Study Area Handbook Series, Federal Research Division, Library of Congress, edited by Eric Solsten, August 1995, 3rd edition, p– xxv.

[၇] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၃)၊ စာပေဗိမာန်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ စာ– ၁၁၆။

[၈] အထက်ပါအောက်ခြေမှတ်စုအတိုင်းဖြစ်ပါသည်။

[၉] Constitutional History of Germany, https://constitutionnet.org/country/Germany.

၁၉၃၃ ခုနှစ်၊ ဇန္နဝါရီလ ၃၀ ရက်နေ့တွင် သမ္မတ Paul von Hindenburg သည် ဂျာမနီနိုင်ငံ၏ဝန်ကြီးချုပ်အဖြစ် Adolf Hitler ကိုခန့်အပ်ခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ဟစ်တလာသည် ဂျာမနီနိုင်ငံ၏ သမ္မတနှင့်ဝန်ကြီးချုပ်ရာထူးများကို ပူးတွဲလက်ခံ၍ အကန့်အသတ်မဲ့ ဥပဒေပြုခွင့်အာဏာကိုကျင့်သုံး၍ ဗဟိုဦးစီးသည့် အကြွင်းမဲ့အာဏာရှင်စနစ် ကျင့်သုံးသည့်အစိုးရကို တည်ထောင်ခဲ့သည်။[၁၀]

## ၁.၄။ ဒုတိယကမ္ဘာစစ်နှင့် ဂျာမနီနိုင်ငံနှစ်ပိုင်းကွဲခြင်း

ဟစ်တလာခေါင်းဆောင်သောဂျာမန်အစိုးရသည် ၁၉၃၅ ခုနှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီးမှ နုတ်ထွက်ကာ ၁၉၁၉ ခုနှစ် စစ်ပြေငြိမ်းရေးစာချုပ်ကို ဖောက်ဖျက်၍ ဂျာမနီစစ်အင်အားကို ပြန်လည်ထူထောင်ခဲ့သည်။ ၁၉၃၈ ခုနှစ် မတ်လတွင် သြစတြီးယားနိုင်ငံနှင့် ချက်ကိုဆလိုဗားကီးယားနိုင်ငံ ဆူဒေတင်နယ်များကိုသိမ်းယူခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ပိုလန်နိုင်ငံအား ဂျာမန်တို့ဝင်ရောက်တိုက်ခိုက်ကြရာ အင်္ဂလိပ်၊ ပြင်သစ်တို့နှင့် ဒုတိယကမ္ဘာစစ်စတင်ဖြစ်ပွားခဲ့ပြီး အီတလီနှင့်ဂျပန်တို့က ဂျာမန်ဖက်မှ ပါဝင်တိုက်ခိုက်ခဲ့ကြသည်။ ၁၉၄၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသည် အင်္ဂလိပ်၊ ပြင်သစ်တို့နှင့်ပူးပေါင်း၍ စစ်ထဲဝင်လာခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဗြိတိသျှကျွန်းစု၊ စပိန်၊ ပေါ်တူဂီ၊ ဆွစ်ဇာလန်၊ ဆွီဒင်နှင့် ရုရှားနယ်များမှတပါး ကျန်ဥရောပတစ်တိုက်လုံး ဂျာမန်တို့လက်အောက်သို့ကျရောက်ခဲ့သည်။[၁၁]

၁၉၄၂ ခုနှစ်မှစ၍ ရုရှားနိုင်ငံသို့ချီတက်ခဲ့သောဂျာမန်တပ်များသည်စတင်အရေးနိမ့်လာခဲ့ပြီး ၁၉၄၄ ခုနှစ်တွင် အင်္ဂလိပ်၊ အမေရိကန်နှင့် ပြင်သစ်တပ်များက အနောက်ဘက်မှလည်းကောင်း၊ ရုရှားတပ်များကအရှေ့ဘက်မှလည်းကောင်း ဂျာမနီနိုင်ငံအား ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ ၁၉၄၅ ခုနှစ်တွင် ဂျာမန်တို့ လက်နက်ချခဲ့ကြပြီး ဂျာမနီနိုင်ငံကို အင်္ဂလိပ်၊အမေရိကန်၊ ပြင်သစ်တို့က အနောက်ဂျာမနီအဖြစ်လည်းကောင်း ဆိုဗီယက်ရုရှားတို့က အရှေ့ဂျာမနီအဖြစ်လည်းကောင်း ခွဲဝေအုပ်ချုပ်ခဲ့ကြသည်။ ၁၉၄၉ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် အနောက်ဂျာမနီအား ဂျာမနီသမ္မတနိုင်ငံအဖြစ် ထူထောင်ခဲ့ပြီး ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလတွင် အရှေ့ဂျာမနီအား ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံအဖြစ် ထူထောင်ခဲ့သည်။[၁၂]

## ၁.၅။ ဂျာမနီသမ္မတနိုင်ငံ (အနောက်ဂျာမနီ) ၏ ၁၉၄၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

အနောက်ဂျာမနီတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရန် ပါလီမန်ကောင်စီကို ၁၉၄၈ ခုနှစ်တွင် အနောက်ဂျာမနီ၏သမ္မတနှင့်ဝန်ကြီးများက ဖွဲ့စည်းခဲ့သည်။ ပါလီမန်

---

[၁၀] Constitutional History of Germany, https://constitutionnet.org/country/Germany.

[၁၁] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၃)၊ စာပေဗိမာန်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ စာ- ၁၁၇။

[၁၂] အထက်ပါအောက်ခြေမှတ်စုအတိုင်းဖြစ်ပါသည်။

ကောင်စီသည် ၁၉၄၉ ခုနှစ် မေလ ၈ ရက်နေ့၌ ဘွန်း မြို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ချမှတ်ခဲ့ပြီး ၁၉၄၉ ခုနှစ် မေလ ၂၃ ရက်နေ့တွင် ဥပဒေဖြစ်လာကာ ဂျာမနီ သမ္မတနိုင်ငံကို တည်ထောင်ခဲ့သည်။[၁၃]

၁၉၅၀ နှင့် ၁၉၆၀ ပြည့်နှစ်များတွင် အရှေ့ဂျာမနီနှင့်အနောက်ဂျာမနီ တင်းမာမှု များသည် ပိုမိုတိုးပွားလာပြီး နှစ်နိုင်ငံပိုင်းခြားထားသည့် ဘာလင်တံတိုင်း တည်ဆောက်မှု အထိ ဖြစ်လာခဲ့သည်။

## ၁.၆။ နှစ်နိုင်ငံပြန်လည်ပေါင်းစည်းခြင်းနှင့် ၁၉၄၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြုပြင်ပြောင်းလဲ၍ ဆက်လက်ကျင့်သုံးခြင်း

၁၉၈၉ ခုနှစ်၌ပင် အရှေ့ဂျာမနီအစိုးရက အနောက်ဂျာမနီနှင့်ဆက်နေသောနယ်စပ် ကိုဖွင့်လှစ်ရန်ဆုံးဖြတ်ကြောင်း ကြေညာခဲ့သည်။ ထို့နောက် အရှေ့ဂျာမနီသည် ကွန်မြူနစ် စနစ်ကိုပယ်ချခဲ့ပြီး ဂျာမနီပြန်လည်ပေါင်းစည်းရေးနှင့်သက်ဆိုင်သော ဆွေးနွေးပွဲများကို စတင်ခဲ့သည်။[၁၄] ၁၉၉၀ ပြည့်နှစ်တွင် မဟာမိတ်များဖြစ်သော အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စု၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ အရှေ့ ဂျာမနီနှင့် အနောက်ဂျာမနီတို့မှ နိုင်ငံခြားရေးဝန်ကြီးများတက်ရောက်၍ ဂျာမန်နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးအတွက် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ခဲ့ကြပြီး ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ဂျာမနီနှစ်နိုင်ငံပေါင်းစည်းခဲ့ကြသည်။ ၁၉၉၁ ခုနှစ်တွင် ဘာလင်မြို့သည် ဂျာမနီနိုင်ငံ၏မြို့တော် ဖြစ်လာခဲ့သည်။[၁၅]

ယခုကျင့်သုံးနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အနောက်ဂျာမနီ၏ ၁၉၄၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အနည်းငယ်ပြောင်းလဲထားသော ဖွဲ့စည်းပုံအခြခံဥပဒေ ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်းပေါင်း (၁၁) ခန်းနှင့် အပိုဒ်ပေါင်း (၁၄၆) ခု ပါဝင်ပါသည်။ အခြေခံဥပဒေအား အကြိမ်ပေါင်း (၆၀) ထိပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။

## ၂။ ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရစနစ်

ဂျာမနီနိုင်ငံသည် ဒီမိုကရေစီကိုအခြေခံသော ဖက်ဒရယ်သမ္မတနိုင်ငံ (a democratic and social federal state) ဖြစ်ပြီး Civil Law Legal System ကိုကျင့်သုံးပါသည်။ အစိုးရဖွဲ့စည်းမှုပုံစံသည် သမ္မတဦးဆောင်သောပါလီမန်သမ္မတစနစ် (Presidential Style, Parliamentary Federal Republic) ဖြစ်သည်။ ဖက်ဒရယ်အစိုးရအဖွဲ့တွင် နိုင်ငံ့ဥသျှောင် အကြီးအကဲဖြစ်သော ဖက်ဒရယ်သမ္မတ၊ ဖက်ဒရယ်ဝန်ကြီးချုပ် (Federal Chancellor) နှင့်

---

[၁၃] Constitutional History of Germany, https://constitutionnet.org/country/Germany.

[၁၄] အထက်ပါအောက်ခြေမှတ်စုအတိုင်းဖြစ်ပါသည်။

[၁၅] နိုင်ငံတကာအဘိဓာန်နှင့်နီတိစာတည်းအဖွဲ့၊ ပညာရွှေတောင်စာအုပ်တိုက်၊ ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၀၃ ခုနှစ်၊ စာ- ၁၈၇။

ဖက်ဒရယ်ဝန်ကြီးများဖြင့်လည်းကောင်း၊ ဥပဒေပြုရေးတွင် ပြည်နယ်များကိုကိုယ်စားပြုသော အထက်လွှတ်တော် (Bundesrat) နှင့် ဂျာမန်ပြည်သူများကိုကိုယ်စားပြုသော အောက်လွှတ်တော် (Bundestag) တို့ပါဝင်ပြီး လွှတ်တော် ၂ ရပ်ဖြင့် ဖွဲ့စည်းထားသည်။ ပြည်နယ်တိုင်းတွင် ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေရှိကြပြီး ပြည်နယ်ပါလီမန်များလည်းရှိကြသည်။ တရားစီရင်ရေးတွင် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို သီးခြားတည်ထောင်ထားရှိကာ ဖက်ဒရယ်တရားရုံးချုပ်နှင့် တရားရုံးများ၊ ဖက်ဒရယ်စီမံခန့်ခွဲရေးဆိုင်ရာတရားရုံး၊ ဖက်ဒရယ်ဘဏ္ဍာရေးဆိုင်ရာတရားရုံးနှင့် ဖက်ဒရယ်အလုပ်သမားတရားရုံး၊ ဖက်ဒရယ်လူမှုရေးဆိုင်ရာ တရားရုံးများလည်းထားရှိပြီး လွတ်လပ်စွာတရားစီရင်ရေးကို အလေးထားဆောင်ရွက်သည်။ ပြည်နယ်များတွင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများကို တည်ထောင်ထားရှိပြီး ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာနှင့်စပ်လျဉ်း၍ စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ဆန့်ကျင်ကွဲလွဲခြင်းမရှိရဘဲ နိုင်ငံ၏ သမ္မတစနစ်၊ ဒီမိုကရေစီစနစ်နှင့် လူမှုရေးစနစ်ဆိုင်ရာအခြေခံမူများနှင့် ညီညွတ်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

## ၂.၁။ အုပ်ချုပ်ရေး

ဖက်ဒရယ်သမ္မတသည် ဂျာမနီနိုင်ငံ၏အကြီးအကဲဖြစ်သည်။ သမ္မတကို အောက်လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်ပါလီမန်များမှ အရေအတွက်တူညီစွာရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော ဖက်ဒရယ်ညီလာခံ (Federal Convention) မှ ရွေးချယ်တင်မြှောက်သည်။ ဖက်ဒရယ်သမ္မတရွေးချယ်ရာတွင် ဖက်ဒရယ်ညီလာခံ (Federal Convention) မှ လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရွေးချယ်သည်။ အောက်လွှတ်တော်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိပြီး အသက် ၄၀ နှစ် ပြည့်ပြီးသူမည်သူမဆိုသည် ဖက်ဒရယ်သမ္မတအဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။ ဖက်ဒရယ်သမ္မတ၏သက်တမ်းမှာ ၅ နှစ်ဖြစ်ပြီး နောက်တစ်ကြိမ်သက်တမ်းတစ်ခုအတွက်သာ ရွေးချယ်ခံနိုင်ရန် ခွင့်ပြုထားသည်။[၁၆]

ဖက်ဒရယ်သမ္မတသည် ဖက်ဒရယ် သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဝင်တစ်ဦးမဖြစ်ရသည့်အပြင် ဖက်ဒရယ် သို့မဟုတ် ပြည်နယ်ဥပဒေပြုကိုယ်စားလှယ်တစ်ဦးလည်း မဖြစ်ရပေ။ ထို့အပြင် ဖက်ဒရယ်သမ္မတသည် အခြားလစာရရှိသောအလုပ်များ၊ အသက်မွေးဝမ်းကျောင်းပြုမှုများ သို့မဟုတ် အမြတ်အစွန်းရရှိသော အဖွဲ့အစည်းများတွင် ပါဝင်

---

[၁၆] Article 54 of the Constitution of Germany,1949

ဆောင်ရွက်ခြင်းမပြုရပေ။[၁၇] ဖက်ဒရယ်သမ္မတသည် နိုင်ငံခြားတိုင်းပြည်များနှင့် ပဋိညာဉ်စာချုပ်များချုပ်ဆိုခြင်း၊ သံတမန်များအား အသိအမှတ်ပြုလက်ခံခြင်း၊ ဖက်ဒရယ်တရားသူကြီးများ၊ နိုင်ငံ၀န်ထမ်းများနှင့်အရာရှိများခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ဆောင်ရွက်ခြင်းများတွင် နိုင်ငံတော်ကို ကိုယ်စားပြုခြင်းများကို ဆောင်ရွက်သည်။ ဖက်ဒရယ်သမ္မတသည် ၎င်း၏တာဝန်ဝတ္တရားများမထမ်းဆောင်နိုင်လျှင်ဖြစ်စေ ရာထူးနေရာလစ်လပ်လျှင်ဖြစ်စေ အောက်လွှတ်တော်၏ ဥက္ကဋ္ဌက ဖက်ဒရယ်သမ္မတအဖြစ် ဆောင်ရွက်ရသည်။[၁၈]

ဖက်ဒရယ်သမ္မတက ဖက်ဒရယ်အခြေခံဥပဒေနှင့် တည်ဆဲဥပဒေတို့အား တမင်ချိုးဖောက်လျှင် အထက်လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် အောက်လွှတ်တော်ကိုယ်စားလှယ်များသည် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် ၎င်းအား စွပ်စွဲပြစ်တင်နိုင်သည်။ စွပ်စွဲပြစ်တင်ရန်အဆိုကို အထက်လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် အောက်လွှတ်တော်ကိုယ်စားလှယ်များ၏ အနည်းဆုံး ၄ ပုံ ၁ ပုံက တင်သွင်းရမည်ဖြစ်ပြီး ဆုံးဖြတ်ချက်ကို အထက်လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် အောက်လွှတ်တော်ကိုယ်စားလှယ်များ၏ ၃ ပုံ ၂ ပုံသော များရာဆန္ဒမဲဖြင့် ချမှတ်ကာ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းရသည်။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖက်ဒရယ်သမ္မတသည် ဖက်ဒရယ်အခြေခံဥပဒေနှင့် တည်ဆဲဥပဒေတို့အား တမင်ချိုးဖောက်ကြောင်းဆုံးဖြတ်လျှင် ၎င်းအားရာထူးတာဝန်မှ ရပ်ဆိုင်းကြောင်းကြေညာပေးရသည်။[၁၉]

ဖက်ဒရယ်အစိုးရတွင် ဖက်ဒရယ်ဝန်ကြီးချုပ် (Federal Chancellor) နှင့် ဖက်ဒရယ်ဝန်ကြီးများဖြင့် ပါဝင်ဖွဲ့စည်းထားသည်။[၂၀] ဖက်ဒရယ်ဝန်ကြီးချုပ်ကို ဖက်ဒရယ်သမ္မတ၏အဆိုပြုချက်ဖြင့် အောက်လွှတ်တော်က ရွေးချယ်သည်။ ထိုသို့ရွေးချယ်ရာတွင် အောက်လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့်ရွေးချယ်ပြီး ဖက်ဒရယ်သမ္မတကခန့်အပ်သည်။ ဖက်ဒရယ်သမ္မတက အဆိုပြုသူအား ရွေးချယ်ခြင်း မရှိလျှင် အောက်လွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ဆန္ဒမဲဖြင့် ၁၄ ရက်အတွင်း ထပ်မံရွေးချယ်ပေးရသည်။[၂၁]

---

[၁၇] Article 55 of the Constitution of Germany,1949

[၁၈] Article 57, 59 and 60 of the Constitution of Germany,1949

[၁၉] Article 61 of the Constitution of Germany,1949

[၂၀] Article 62 of the Constitution of Germany,1949

[၂၁] Article 63 of the Constitution of Germany,1949

ဖက်ဒရယ်ဝန်ကြီးများကို ဖက်ဒရယ်ဝန်ကြီးချုပ်၏ အဆိုပြုချက်ဖြင့် ဖက်ဒရယ်သမ္မတက ခန့်အပ်သည်။[၂၂] ဖက်ဒရယ်ဝန်ကြီးချုပ်နှင့် ဖက်ဒရယ်ဝန်ကြီးများသည် အောက်လွှတ်တော် အသစ်စတင်ဖွဲ့စည်းသည့်အခါ သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ၎င်းတို့၏ သက်တမ်းသည် ၄ နှစ် ဖြစ်သည်။[၂၃] ကာကွယ်ရေးဆိုင်ရာ ကွပ်ကဲအုပ်ချုပ်မှုများကို ဖက်ဒရယ်ကာကွယ်ရေးဝန်ကြီးက ဆောင်ရွက်သည်။[၂၄]

## ၂.၂။ ဥပဒေပြုရေး

ဂျာမနီနိုင်ငံ၏ဥပဒေပြုရေးအပိုင်းတွင် အထက်လွှတ်တော် (Bundesrat) နှင့် အောက်လွှတ်တော် (Bundestag) ဟူသော လွှတ်တော် ၂ ရပ်ဖြင့် ဖွဲ့စည်းထားသည်။

အထက်လွှတ်တော်တွင်ပြည်နယ်အစိုးရများ၏အဖွဲ့ဝင်များပါဝင်သည်။[၂၅] ပြည်နယ်တစ်ခုစီသည် မဲအရေအတွက် ၃ ခုစီ အနည်းဆုံးရရှိပြီး ပြည်နယ်တစ်နယ်တွင် အခြေချနေထိုင်သည့်လူဦးရေ ၂ သန်းကျော်ရှိပါက မဲအရေအတွက် ၄ ခု၊ အခြေချနေထိုင်သည့်လူဦးရေ ၆ သန်းကျော်ရှိပါက မဲအရေအတွက် ၅ ခု နှင့် အခြေချနေထိုင်သည့်လူဦးရေ ၇ သန်းအထက်ရှိပါက မဲအရေအတွက် ၆ ခုစီရရှိကြသည်။[၂၆] ထို့ကြောင့် အထက်လွှတ်တော်တွင် ပြည်နယ်အစိုးရများမှ ကိုယ်စားလှယ်များဖြင့် သီးသန့်ဖွဲ့စည်းထားပြီး အဆိုပါ ပြည်နယ်များ၏ လူဦးရေအလိုက် မဲများကိုရေတွက်သည့်စနစ်အား ကျင့်သုံးကြောင်း တွေ့ရှိရသည်။

အထက်လွှတ်တော်တွင် ပြည်နယ်တစ်နယ်ကို ကိုယ်စားပြုသော ကိုယ်စားလှယ်အရေအတွက်အပြည့်ကိုခန့်အပ်ထားပြီး လက်ရှိတွင် ကိုယ်စားလှယ် ၆၉ ဦးဖြင့် ဖွဲ့စည်းထားသည်။[၂၇] အထက်လွှတ်တော်ဥက္ကဋ္ဌကို ၁ နှစ် သက်တမ်းအတွက် ရွေးချယ်သည်။ အထက်လွှတ်တော်၏ အစည်းအဝေးများကို အများပြည်သူ့ရှေ့မှောက်တွင် ဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်း၏ဆုံးဖြတ်ချက်များကို ကိုယ်စားလှယ်အများစု၏ဆန္ဒမဲဖြင့်ဆုံးဖြတ်သည်။ ထို့ကြောင့် ယေဘုယျအားဖြင့် ဆန္ဒမဲအများစုရရှိရန် ဆန္ဒမဲအရေအတွက် ၃၅ မဲရရှိရမည်ဖြစ်ပြီး အချို့ကိစ္စရပ်များတွင် ဆန္ဒမဲ ၃ ပုံ ၂ ပုံရရှိရန် အရေအတွက်အားဖြင့် ၄၆ မဲရရှိရမည် ဖြစ်ကြောင်းတွေ့ရှိရသည်။ အထက်လွှတ်တော်သည် အမြဲတမ်းအဖွဲ့အစည်းဖြစ်ပြီး ၎င်း၏

---

[၂၂] Article 64 of the Constitution of Germany,1949

[၂၃] Article 69 of the Constitution of Germany,1949

[၂၄] Article 65 a of the Constitution of Germany,1949

[၂၅] Article 51(1) of the Constitution of Germany,1949

[၂၆] Article 51(2) of the Constitution of Germany,1949

[၂၇] https://www.bundesrat.de/EN/organisation-en/stimmenverteilung-en/stimmenverteilung-en-inhalt.html.

ကိုယ်စားလှယ်များကို ပြည်နယ်ပါလီမန်၏ ရွေးကောက်ပွဲရလဒ်အပေါ်မူတည်၍ အခါအား လျော်စွာ ပြန်လည်ရွေးချယ်ပေးထားသည့် အဖွဲ့အစည်းဖြစ်သည်။[၂၈]

အောက်လွှတ်တော်သည် ဂျာမနီပြည်သူများအားလုံးကို ကိုယ်စားပြုသည့် လွှတ်တော် ဖြစ်ပြီး ဂျာမနီပြည်သူများမှလျှို့ဝှက်ဆန္ဒမဲဖြင့် လွတ်လပ်မျှတစွာတိုက်ရိုက်ရွေးချယ် တင်မြှောက်သည်။[၂၉] အောက်လွှတ်တော်ကိုယ်စားလှယ်များအား အသက် ၁၈ နှစ်ပြည့်ပြီး သူ မည်သူမဆိုက မဲဆန္ဒပေးနိုင်ပြီး အရွယ်ရောက်ပြီးသူတိုင်းသည် ရွေးချယ်ခံပိုင်ခွင့်ရှိ သည်။[၃၀] အောက်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကို မဲဆန္ဒနယ် ၂၉၉ ခုမှ တိုက်ရိုက်ဆန္ဒမဲဖြင့်ရွေးချယ်ပြီး ကျန်ထက်ဝက်ကို ပြည်နယ် ၁၆ ပြည်နယ်ရှိ နိုင်ငံရေးပါတီများကို အခြေခံ၍ အချိုးကျကိုယ်စားပြုမှုဖြင့် ရွေးချယ်သည်။ ထို့ကြောင့် အောက်လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ရာတွင် ကိုယ်စားလှယ်တစ်ဝက်ကို အခြေချ နေထိုင်သူအပေါ် မူတည်သည့် မဲဆန္ဒနယ်များမှ နိုင်သူအကုန်ယူစနစ်ဖြင့် တိုက်ရိုက် ရွေးချယ်ပြီး ကျန်တစ်ဝက်ကို ပြည်နယ်နိုင်ငံရေးပါတီများမှ အချိုးကျကိုယ်စားပြု ရွေးချယ် ကြောင်းတွေ့ရှိရသည်။ လက်ရှိ အောက်လွှတ်တော်၏ ၂၀ ကြိမ်မြောက်ရွေးကောက်ပွဲတွင် ကိုယ်စားလှယ် စုစုပေါင်း ၇၃၆ နေရာရှိကြောင်း တွေ့ရှိရပါသည်။[၃၁] အောက်လွှတ်တော်၏ သက်တမ်းသည် ၄ နှစ်ဖြစ်သည်။[၃၂]

အောက်လွှတ်တော်၏ အစည်းအဝေးများကို ၎င်း၏ကိုယ်စားလှယ် ၁၀% က အဆိုပြုလျှင်ဖြစ်စေ၊ ဖက်ဒရယ်အစိုးရက အဆိုပြုလျှင်ဖြစ်စေ ကိုယ်စားလှယ်အားလုံး၏ ၃ ပုံ ၂ ပုံအများစုကထောက်ခံလျှင် အများပြည်သူရှေ့မှောက်တွင် ဆောင်ရွက်ရမည်ဖြစ် သည်။ အောက်လွှတ်တော်၏ ဆုံးဖြတ်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေက အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် လွှတ်တော်ကိုယ်စားလှယ်များ၏များရာဆန္ဒမဲဖြင့် ဆုံးဖြတ် သည်။[၃၃]

### ၂.၂.၁။ ဥပဒေကြမ်းများတင်သွင်းခြင်း

ဥပဒေကြမ်းများကို အထက်လွှတ်တော်တွင်ဖြစ်စေ၊ အောက်လွှတ်တော်တွင် ဖြစ်စေ စတင်တင်သွင်းနိုင်သည်။ ဖက်ဒရယ်အစိုးရဥပဒေကြမ်းများကို အထက်လွှတ်တော် တွင် ပထမဆုံးစတင် တင်သွင်းရမည်ဖြစ်ပြီး ထိုသို့တင်သွင်းပြီး ၆ ပတ်အတွင်း အဆိုပါ

[၂၈] https://www.bundesrat.de/EN/organisation-en/stimmenverteilung-en/stimmenverteilung-en-inhalt.html.

[၂၉] Article 38 (1) of the Constitution of Germany,1949

[၃၀] Article 38(2) of the Constitution of Germany,1949

[၃၁] https://www.bundestag.de/en/parliament/elections/arithmetic/arithmetic-199936

[၃၂] Article 39(1) of the Constitution of Germany,1949

[၃၃] Article 42 of the Constitution of Germany,1949

ဥပဒေကြမ်းအပေါ် အထက်လွှတ်တော်သည် သဘောထားမှတ်ချက်ပေးရသည်။ အထက်လွှတ်တော်သည် ၎င်း၏ သဘောထားမှတ်ချက်ပေးရန်ကာလကို အရေးကြီးအကြောင်းပြချက်ဖြင့် ၉ ပတ်အထိ တိုးမြှင့်ရန်တောင်းဆိုနိုင်သည်။ အချို့အရေးကြီးကိစ္စရပ်များတွင် ဖက်ဒရယ်အစိုးရသည် အထက်လွှတ်တော်၏ သဘောထားမှတ်ချက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ၃ ပတ်ကြာမြင့်လျှင် ဥပဒေကြမ်းအား အောက်လွှတ်တော်သို့ တင်သွင်းနိုင်သည်။

ဖက်ဒရယ်အစိုးရသည် အထက်လွှတ်တော်မှဥပဒေကြမ်းများကို အောက်လွှတ်တော်သို့ ၆ ပတ်အတွင်းတင်သွင်းရသည်။ ထိုသို့တင်သွင်းရာတွင် ဖက်ဒရယ်အစိုးရသည် ၎င်း၏ သဘောထားအမြင်ကို ပူးတွဲဖော်ပြရသည်။ ဖက်ဒရယ်အစိုးရသည် အရေးကြီးအကြောင်းပြချက်ဖြင့် အချိန်ကာလ ၉ ပတ်တိုးမြှင့်ပေးရန် တောင်းဆိုနိုင်ပြီး အထက်လွှတ်တော်က အရေးကြီးသောဥပဒေကြမ်းအဖြစ် ကြေညာထားသည့် ဥပဒေကြမ်းများကို ၃ ပတ်အတွင်း အောက်လွှတ်တော်သို့ ပေးပို့တင်သွင်းရသည်။[၃၄]

အောက်လွှတ်တော်ကချမှတ်ပြီးသည့် ဥပဒေကြမ်းများကို အထက်လွှတ်တော်သို့ ထပ်မံတင်သွင်းရမည်။ အထက်လွှတ်တော် သို့မဟုတ် ဖက်ဒရယ်အစိုးရသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ စေ့စပ်ညှိနှိုင်းရေးကော်မတီတစ်ရပ် ဖွဲ့စည်းပေးရန် တောင်းဆိုနိုင်သည်။ စေ့စပ်ညှိနှိုင်းရေးကော်မတီတွင် ကိုယ်စားလှယ်ထက်ဝက်သည် အထက်လွှတ်တော်ရှိ ပြည်နယ်တစ်နယ်စီမှ ကိုယ်စားလှယ်နေရာ ၁ နေရာစီပါဝင်ပြီး ကျန်ထက်ဝက်သည် အောက်လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။[၃၅] အဆိုပါ ကော်မတီက ဥပဒေကြမ်းအား ပြင်ဆင်ရန်ဆုံးဖြတ်လျှင် အထက်လွှတ်တော်သည် ဒုတိယအကြိမ်ဆန္ဒမဲပေးရမည်။

စေ့စပ်ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းပေးရန် မတောင်းဆိုလျှင်ဖြစ်စေ၊ စေ့စပ်ညှိနှိုင်းရေး ကော်မတီဖွဲ့စည်းပြီး အဆိုပါဥပဒေကြမ်းအား ပြင်ဆင်ရန် အဆိုပြုချက်မရှိဘဲ ကော်မတီ၏ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ပြီးလျှင်ဖြစ်စေ အထက်လွှတ်တော်သည် အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သတ်မှတ်အချိန်အတွင်း ဆန္ဒမဲပေးရသည်။ အထက်လွှတ်တော်၏ သဘောတူညီချက် ရရှိပြီးလျှင် အဆိုပါဥပဒေကြမ်းသည် ဥပဒေဖြစ်လာမည်ဖြစ်သည်။ ဥပဒေတစ်ရပ်ဖြစ်လာရန် အထက်လွှတ်တော်၏ သဘောထားလိုအပ်သော ဥပဒေကြမ်းများတွင် အထက်လွှတ်တော်၏ သဘောတူညီချက်ကိုရရှိပြီးမှသာ ဥပဒေဖြစ်လာမည်ဖြစ်သည်။ အထက်လွှတ်တော်သည် ကျန်ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ကန့်ကွက်ဆန္ဒမဲ ပေးနိုင်သော်လည်း ယင်းကန့်ကွက်ချက်အပေါ်

---

[၃၄] Article 76 of the Constitution of Germany,1949

[၃၅] https://www.bundesrat.de/EN/national-en/va-en/va-en-node.html

အောက်လွှတ်တော်၏ဆန္ဒမဲဖြင့် ပယ်ဖျက်နိုင်ကြောင်း တွေ့ရှိရသည်။ ထိုဥပဒေကြမ်းများတွင် အထက်လွှတ်တော်က များရာဆန္ဒမဲဖြင့် ကန့်ကွက်ဆုံးဖြတ်ပါက အောက်လွှတ်တော်သည် အဆိုပါကန့်ကွက်ချက်ကို များရာဆန္ဒမဲဖြင့် ဆန္ဒမဲပေးပယ်ဖျက်လွှမ်းမိုးနိုင်ပြီး အထက်လွှတ်တော်၏ ၃ ပုံ ၂ ပုံ ဆန္ဒမဲဖြင့်ကန့်ကွက်မှုများပြုခဲ့ပါက အောက်လွှတ်တော်၏ ၃ ပုံ ၂ ပုံ ဆန္ဒမဲဖြင့် ပယ်ဖျက်လွှမ်းမိုးနိုင်သည်။[၂၆]

အထက်လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသောဥပဒေကြမ်းများ သို့မဟုတ် အောက်လွှတ်တော်က အထက်လွှတ်တော်၏ ကန့်ကွက်ချက်များကို လွှမ်းမိုးပယ်ဖျက်ထားသည့် ဥပဒေကြမ်းများကို ဖက်ဒရယ်သမ္မတသည် ထပ်ဆင့်လက်မှတ်ရေးထိုးပြီး ဖက်ဒရယ်ဥပဒေပြန်တမ်း (Federal Law Gazette) တွင် ဥပဒေအဖြစ် ထုတ်ပြန်ပေးရသည်။[၂၇]

ဥပဒေဆိုင်ရာအမိန့်စည်းမျဉ်း၊ ညွှန်ကြားချက်များ (statutory instruments) ထုတ်ပြန်နိုင်ခွင့်ကို ဖက်ဒရယ်အစိုးရ၊ ဖက်ဒရယ်ဝန်ကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအား ဥပဒေတစ်ရပ်ဖြင့် ခွင့်ပြုနိုင်သည်။ အဆိုပါဥပဒေတွင် ထိုသို့အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းသည့် အကြောင်းအရာ၊ ရည်ရွယ်ချက်နှင့် ဆောင်ရွက်နိုင်သည့်အတိုင်းအတာတို့ကို အတိအကျဖော်ပြပေးရသည်။ ဥပဒေဆိုင်ရာအမိန့်စည်းမျဉ်း ညွှန်ကြားချက်တစ်ခုစီတိုင်းတွင် ဥပဒေအခြေခံဖော်ပြချက်ပါရှိရသည်။ ဥပဒေဆိုင်ရာအမိန့်စည်းမျဉ်း ညွှန်ကြားချက်ထုတ်ပြန်ပိုင်ခွင့်ကို ထပ်ဆင့်လွှဲနိုင်ကြောင်း ဥပဒေတွင်ဖော်ပြပါရှိလျှင် ထိုသို့ ထပ်ဆင့်လွှဲအပ်နိုင်ကြောင်းဖော်ပြ၍ လွှဲအပ်နိုင်သည်။[၂၈]

### ၂.၂.၂။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့် အရေးပေါ်အခြေအနေဆိုင်ရာပြဋ္ဌာန်းချက်များ

ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ရန်ဆောင်ရွက်မည့် ပြဋ္ဌာန်းဥပဒေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အထက်လွှတ်တော် သို့မဟုတ် အောက်လွှတ်တော် (၁) ရပ်စီ၏ အနည်းဆုံး ၃ ပုံ ၂ ပုံ သောကိုယ်စားလှယ်များ၏ ထောက်ခံအတည်ပြုချက်ကိုရရှိရမည်။ ဖက်ဒရေးရှင်းအား ပြည်နယ်များအဖြစ်သို့ ပြိုကွဲသွားစေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြင်ဆင်မှုများ၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များတွင် ပြည်နယ်များ ပါဝင်ဆောင်ရွက်နိုင်မှု မူသဘောတရားကို ထိခိုက်စေမည့် ပြင်ဆင်ချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁ မှ ၂၀ အထိပြဋ္ဌာန်းထားသော အခြေခံမူများကို ထိခိုက်စေမည့် ပြင်ဆင်ချက်များကို တားမြစ်ထားသည်။[၂၉]

---

[၂၆] Article 77 of the Constitution of Germany,1949

[၂၇] Article 82(1) of the Constitution of Germany,1949

[၂၈] Article 80(1) of the Constitution of Germany,1949

[၂၉] Section 79 of the Constitution of Germany, 1949

ပြည်တွင်း အရေးပေါ်အခြေအနေပေါ်ပေါက်မှုနှင့်စပ်လျဉ်း၍ ဖက်ဒရယ် သို့မဟုတ် ပြည်နယ်၏ တည်တံ့ခိုင်မြဲမှု သို့မဟုတ် ဒီမိုကရေစီအခြေခံကျသည့်ဖွဲ့စည်းမှုတို့အပေါ် အန္တရာယ်တစ်ရပ်ပေါ်ပေါက်လျှင် ပြည်နယ်သည် အခြားပြည်နယ်ရဲတပ်ဖွဲ့ သို့မဟုတ် ဖက်ဒရယ်နယ်ခြားရဲတပ်ဖွဲ့နှင့် အခြားစီမံခန့်ခွဲရေး အာဏာပိုင်များကို ခေါ်ယူတောင်းဆိုနိုင်သည်။ အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ပြည်နယ်သည် ၎င်း၏သဘောတစ်ခုတည်းဖြင့် အန္တရာယ်ကိုတွန်းလှန်တိုက်ခိုက်ခြင်းမပြုနိုင်လျှင် ဖက်ဒရယ်အစိုးရသည်အဆိုပါပြည်နယ်တွင် အခြားပြည်နယ်၏ ရဲတပ်ဖွဲ့များကို စေလွှတ်ခြင်း၊ ဖက်ဒရယ်နယ်ခြားရဲတပ်ဖွဲ့ကို တပ်ဖြန့်ခြင်းများ ညွှန်ကြားဆောင်ရွက်နိုင်သည်။ ထိုအန္တရာယ်မှ လွန်မြောက်သည့်အခါဖြစ်စေ၊ အောက်လွှတ်တော်က ပယ်ဖျက်ပေးရန် တောင်းဆိုသည့်အခါဖြစ်စေ အဆိုပါ ညွှန်ကြားချက်ကို ရုပ်သိမ်းပေးရသည်။[၄၀]

ဖက်ဒရယ်ပိုင်နက်နယ်မြေကို လက်နက်ကိုင်တိုက်ခိုက်ခြင်း သို့မဟုတ် နိုင်ငံတော်ကာကွယ်ရေးကို တိုက်ခိုက်ခြိမ်းခြောက်သည့်အခြေအနေတွင် အောက်လွှတ်တော်သည် အထက်လွှတ်တော်၏သဘောထားကို ရယူဆောင်ရွက်ရသည်။ ထိုသို့ဆုံးဖြတ် ဆောင်ရွက်ရန်အတွက် ဖက်ဒရယ်အစိုးရက တင်ပြတောင်းဆိုရမည်ဖြစ်ပြီး အောက်လွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်အများစုပါဝင်သည့် ၃ ပုံ ၂ ပုံ ၏ ဆန္ဒမဲပေးမှုဖြင့် ဆောင်ရွက်ရသည်။ ချက်ချင်းအရေးယူဆောင်ရွက်ရမည့်ကိစ္စရပ်များတွင် ပူးတွဲကော်မတီခေါ်ယူ၍ ကော်မတီ၏ ၃ ပုံ ၂ ပုံသော ဆန္ဒမဲဖြင့် ဆုံးဖြတ်သည်။ ပူးတွဲကော်မတီတွင် အထက်လွှတ်တော်ကိုယ်စားလှယ် ၃ ပုံ ၁ ပုံနှင့် အောက်လွှတ်တော် ကိုယ်စားလှယ် ၃ ပုံ ၂ ပုံတို့ ပါဝင်ကြသည်။[၄၁]နိုင်ငံတော်ကာကွယ်ရေးအတွက်ဆုံးဖြတ်ဆောင်ရွက်မှုများကို ဖက်ဒရယ်သမ္မတသည် ဖက်ဒရယ်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာပေးရသည်။ ထိုသို့အချိန်မီ ဆောင်ရွက်နိုင်ခြင်း မရှိသည့်ကိစ္စများတွင် ထုတ်ပြန်ကြေညာမှုကိုအခြားနည်းလမ်းဖြင့် အကျိုးသက်ရောက်အောင် ဆောင်ရွက်ရသည်။[၄၂]

## ၂.၃။ တရားစီရင်ရေး

ဖက်ဒရယ်တရားစီရင်ရေးအာဏာကို တရားသူကြီးများအား အပ်နှင်းထားပြီး သီးခြားဖွဲ့စည်းတည်ထောင်ထားသည့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ ဖက်ဒရယ်တရားရုံးချုပ်၊ ဖက်ဒရယ်စီမံခန့်ခွဲရေးဆိုင်ရာတရားရုံး၊ ဖက်ဒရယ်ဘဏ္ဍာရေးဆိုင်ရာတရားရုံးနှင့် ဖက်ဒရယ်အလုပ်သမားတရားရုံး၊ ဖက်ဒရယ်လူမှုရေးဆိုင်ရာ တရားရုံး

[၄၀] Section 91 of the Constitution of Germany, 1949

[၄၁] Section 53 a of the Constitution of Germany, 1949

[၄၂] Section 115 a_of the Constitution of Germany,1949

တို့က ကျင့်သုံးဆောင်ရွက်သည်။[၄၃] တရားသူကြီးများသည် လွတ်လပ်စွာ တရားစီရင်နိုင်ပြီး ဥပဒေအတိုင်းသာဆောင်ရွက်ရန် လိုအပ်သည်။[၄၄]

တရားရုံးတရားသူကြီးများကို ပြည်နယ်ဝန်ကြီးများနှင့် အောက်လွှတ်တော်ကိုယ်စားလှယ်များ အရေအတွက်တူညီစွာ ပါဝင်ဖွဲ့စည်းထားသည့် တရားသူကြီးများရွေးချယ်ရေးကော်မတီနှင့် တာဝန်ပေးအပ်ခြင်းခံရသော ဖက်ဒရယ်ဝန်ကြီးတစ်ဦးတို့က ပူးတွဲရွေးချယ်ပြီး ဖက်ဒရယ်သမ္မတက ခန့်အပ်သည်။[၄၅] တရားသူကြီးများကို အမြဲတမ်းရာထူးအတွက်ခန့်အပ်ထားပြီး တရားစီရင်ရေးဆိုင်ရာဆုံးဖြတ်ချက်နှင့်ဥပဒေအရ သတ်မှတ်ချက်မှတစ်ပါး ရာထူးမှဖယ်ရှားခြင်းမပြုနိုင်ပေ။[၄၆]

ဖက်ဒရယ်တရားသူကြီးများအား ဖက်ဒရယ်အခြေခံဥပဒေပါ စည်းမျဉ်းများကို ချိုးဖောက်လျှင်ဖြစ်စေ၊ ပြည်နယ်တစ်ရပ်ရပ်၏ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို ချိုးဖောက်လျှင်ဖြစ်စေ အောက်လွှတ်တော်၏လျှောက်ထားလာမှုအပေါ် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် စွပ်စွဲပြစ်တင်နိုင်သည်။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် စွပ်စွဲပြစ်တင်လာမှုအပေါ် ၃ ပုံ ၂ ပုံသော ဆန္ဒမဲဖြင့်ဆုံးဖြတ်ပြီး တရားသူကြီးများကိုပြောင်းရွှေ့ခြင်း သို့မဟုတ် အငြိမ်းစားပေးစေသည့်အမိန့်များချမှတ်နိုင်သည်။[၄၇]

## ၂.၄။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးကို ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသည့် လွတ်လပ်စွာဆုံးဖြတ်နိုင်သောဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဖွဲ့အစည်းဖြစ်သည်။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို တရားသူကြီး ၁၆ ဦးဖြင့် ဖွဲ့စည်းထားသည်။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် တရားစီရင်ရေးအဖွဲ့ ၂ ဖွဲ့ဖြင့် အမှုများကိုစစ်ဆေးဆောင်ရွက်ပြီး တရားစီရင်ရေးအဖွဲ့ ၁ ဖွဲ့လျှင် တရားသူကြီး ၈ ဦးစီပါဝင်သည်။[၄၈] တရားရုံးတရားသူကြီးများ၏ ထက်ဝက်စီကို အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့က ၃ ပုံ ၂ ပုံ ဆန္ဒမဲဖြင့် ရွေးချယ်ပြီး ဖက်ဒရယ်သမ္မတက ခန့်အပ်သည်။[၄၉]

---

[၄၃] Article 92 and 95 of the Constitution of Germany,1949

[၄၄] Article 97(1) of the Constitution of Germany,1949

[၄၅] Article 95(2) of the Constitution of Germany,1949

[၄၆] Article 97(2) of the Constitution of Germany,1949

[၄၇] Article 98(2) of the Constitution of Germany,1949

[၄၈] Section 2 of the Act on the Federal Constitutional Court, 1951

[၄၉] Section 6,7 & 10 of the Act on the Federal Constitutional Court, 1951

တရားသူကြီးများ၏ သက်တမ်းမှာ ၁၂ နှစ်ဖြစ်ပြီးပင်စင်ယူရမည့်အသက် ၆၈ ထက် ကျော်လွန်ခြင်း မရှိရပေ။ ထို့အပြင် တရားသူကြီးများသည် ပြန်လည်ရွေးချယ်ခံပိုင်ခွင့် မရှိပေ။[၅၀] တရားသူကြီးများသည် အသက် ၄၀ နှစ်ပြည့်ပြီး အောက်လွှတ်တော် ကိုယ်စားလှယ် အဖြစ်ရွေးချယ်ခံရန် အရည်အချင်းပြည့်မီသူ၊ တရားသူကြီးတစ်ဦး၏ လုပ်ငန်းတာဝန်ဝတ္တရားများ ထမ်းဆောင်နိုင်ရန် အရည်အချင်းပြည့်မီသူ ဖြစ်ရမည်။ တရားသူကြီးများသည် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖက်ဒရယ်အစိုးရ အဖွဲ့ဝင်များနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ မဖြစ်ရပေ။ တရားသူကြီးများသည် ဂျာမန်အဆင့်မြင့်ပညာ ရေးတွင် ပညာသင်ကြားသည့်အလုပ်များမှအပ အခြားဝင်ငွေ ရရှိသောအလုပ်များကို မလုပ်ကိုင်ရပေ။[၅၁] တရားသူကြီးများကို တာဝန်စွမ်းဆောင်နိုင်စွမ်းမရှိခြင်းကြောင့် အငြိမ်း စားပေးနိုင်ပါသည်။ ထို့ပြင် တရားသူကြီးများသည် ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် အပြုအမူ များကျူးလွန်ခြင်း သို့မဟုတ် ထောင်ဒဏ် (၆) လထက်မနည်း ပြစ်ဒဏ်ချမှတ်ခံရခြင်း သို့မဟုတ် တာဝန်ပျက်ကွက်ချိုးဖောက်ခြင်းတို့ကို ကျူးလွန်လျှင် ၎င်းတို့ကို ရာထူးမှ ထုတ်ပယ်နိုင်သည်။ ထိုသို့ အငြိမ်းစားပေးခြင်း သို့မဟုတ် ရာထူးမှထုတ်ပယ်ခြင်းတို့ကို ဆောင်ရွက်ရန် တရားရုံး၏ ၃ ပုံ ၂ ပုံသော တရားသူကြီးများက ဆန္ဒပြုပြီး စုံညီခုံရုံးဖြင့် ဆုံးဖြတ်ပါသည်။[၅၂]

အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့သည် တရားရုံးဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့ကို တစ်လှည့်စီရွေးချယ်သည်။ တရားစီရင်ရေးအဖွဲ့ ၂ ဖွဲ့တွင် ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့သည် အသီးသီးဦးဆောင်ရုံးထိုင်ကြသည်။ တရားစီရေးအဖွဲ့ ၁ ဖွဲ့လျှင် အနည်းဆုံးတရားသူကြီး ၆ ဦး တက်ရောက်သည်။[၅၃] ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးစုံညီခုံရုံးတွင် တက်ရောက်ရမည့် အနည်းဆုံးတရားသူကြီးဦးရေမှာ တရား စီရင်ရေးအဖွဲ့ ၁ ဖွဲ့စီမှ တရားသူကြီး ၃ ပုံ ၂ ပုံစီ တက်ရောက်ရမည် ဖြစ်သည်။ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားစီရင်ရေးအဖွဲ့ ၁ ရပ်၏ ဆုံးဖြတ်ချက်အပေါ် နောက်တရားစီရင်ရေးအဖွဲ့က ဆန့်ကျင်ဆုံးဖြတ်ပါက အဆိုပါ ဆုံးဖြတ်ချက်ကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးစုံညီခုံရုံးဖြင့် ဆုံးဖြတ်သည်။[၅၄]

တရားစီရင်ရေးအဖွဲ့ ၂ ဖွဲ့တွင် ပထမအဖွဲ့သည် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထား သော အခြေခံအခွင့်အရေးများနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် အခြေခံဥပဒေဆိုင်ရာ တိုင်ကြားလျှောက်လာမှု၊ ဥပဒေရေးရာစိစစ်မှုကိစ္စများ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့်

---

[၅၀] Section 3 of the Act on the Federal Constitutional Court, 1951

[၅၁] Section 3 of the Act on the Federal Constitutional Court, 1951

[၅၂] Section 105 of the Act on the Federal Constitutional Court, 1951

[၅၃] Section 15 of the Act on the Federal Constitutional Court, 1951

[၅၄] Section 16 of the Act on the Federal Constitutional Court, 1951

စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုများကို ဆောင်ရွက်ခွင့်ရှိသည်။ ဒုတိယအဖွဲ့သည် အခြေခံအခွင့်အရေးများကို ရုပ်သိမ်းခံရခြင်းနှင့်စပ်လျဉ်းသည့် အမှုများ၊ ရွေးကောက်ပွဲဆိုင်ရာအမှုများ၊ သမ္မတနှင့် တရားသူကြီးများကို စွပ်စွဲပြစ်တင်မှုများ၊ အဖွဲ့အစည်းများအကြားဖြစ်ပွားသည့် အငြင်းပွားမှုများ၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြားဖြစ်ပွားသော အငြင်းပွားမှုများ၊ ပါတီများအပေါ် တားမြစ်ပိတ်ပင်ထားသော အမှုများစသော တရားစီရင်ရေးပထမအဖွဲ့အား ပေးအပ်မထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုများကို စီရင်ပိုင်ခွင့်ရှိသည်။[၅၅]

တရားစီရင်ရေးအဖွဲ့ ၂ ဖွဲ့အနက် မည့်သည့်အဖွဲ့တွင် စီရင်ပိုင်ခွင့်ရှိကြောင်း ဆုံးဖြတ်ရန်လိုအပ်ပါက ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌအပါအဝင် တရားစီရင်ရေးအဖွဲ့ တစ်ဖွဲ့စီမှ တရားသူကြီး ၂ ဦးစီပါဝင်သော တရားသူကြီး ၆ ဦးပါအဖွဲ့ဖြင့်ဆန္ဒမဲပေးဆုံးဖြတ်သည်။ ထိုသို့ ဆန္ဒမဲပေးရာတွင် ဦးဆောင်ရုံးထိုင်သည့် တရားသူကြီးသည် အနိုင်မဲပေးနိုင်သည်။[၅၆] ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တိုင်လျှောက်နိုင်သူများတွင် ဖက်ဒရယ်ဥပဒေပြုလွှတ်တော်တစ်ရပ်ရပ်၊ ပြည်နယ်လွှတ်တော်များ၊ ဖက်ဒရယ်သမ္မတ၊ ဖက်ဒရယ်အစိုးရ၊ ပြည်နယ်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တရားရုံးများ၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးချင်း စသည်တို့ပါဝင်ကြသည်။ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် တိုင်လျှောက်မှုပြုနိုင်သူများမှာ အမှုအမျိုးအစားအပေါ် မူတည်၍ ကွဲပြားခြားနားမှုရှိသည်။

ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အောက်ဖော်ပြပါအမှုများကို စီရင်ဆုံးဖြတ်နိုင်သည်[၅၇]-

(က) အခြေခံအခွင့်အရေးများလက်လွတ်ဆုံးရှုံးရသောအမှုများအပေါ် ဆုံးဖြတ်ခြင်း၊

(ခ) နိုင်ငံရေးပါတီများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မကိုက်ညီမှုများအပေါ် ဆုံးဖြတ်ခြင်း၊

(ဂ) ပြည်နယ်ဘဏ္ဍာရေးသုံးစွဲမှုတွင် နိုင်ငံရေးပါတီများကို ဖယ်ထုတ်ထားခြင်းအပေါ် ဆုံးဖြတ်ခြင်း၊

(ဃ) လွှတ်တော်ရှိကိုယ်စားလှယ်နေရာ ဆုံးရှုံးခြင်း၊ ရယူခြင်း သို့မဟုတ် ရွေးကောက်ပွဲတရားဝင်မှုနှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်များကို တိုင်ကြားချက်များအပေါ် ဆုံးဖြတ်ခြင်း၊

[၅၅] Section 14 of the Act on the Federal Constitutional Court, 1951

[၅၆] Section 14(5) of the Act on the Federal Constitutional Court, 1951

[၅၇] Section 13 of the Act on the Federal Constitutional Court, 1951

(င) အောက်လွှတ်တော် ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများအဖြစ် တရားဝင် အသိအမှတ်မပြုထားခြင်းမရှိသော အဖွဲ့အစည်းများက တင်သွင်းလျှောက်ထားသည့် တိုင်တန်းချက်များအပေါ် ဆုံးဖြတ်ခြင်း၊

(စ) အထက်လွှတ်တော် သို့မဟုတ် အောက်လွှတ်တော်မှ ဖက်ဒရယ်သမ္မတအပေါ် စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဆ) ပြည်ထောင်စုအဖွဲ့အစည်းတစ်ခုခု၏ လုပ်ထုံးလုပ်နည်းအရဖြစ်စေ၊ အခြေခံဥပဒေအရဖြစ်စေ ဖြစ်ပွားသောအငြင်းပွားမှုနှင့်စပ်လျဉ်း၍ အခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(ဇ) ပြည်ထောင်စုဥပဒေ၊ ပြည်နယ်ဥပဒေတစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိ မရှိအားလည်းကောင်း၊ ပြည်နယ်ဥပဒေတစ်ရပ်ရပ်သည် ပြည်ထောင်စုဥပဒေနှင့် ကိုက်ညီမှု ရှိ မရှိအားလည်းကောင်း ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ သို့မဟုတ် အောက်လွှတ်တော် လွှတ်တော်ကိုယ်စားလှယ် ၄ ပုံ ၁ ပုံက တောင်းဆိုချက်အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုဥပဒေတို့နှင့် ညီညွတ်ခြင်း ရှိ မရှိ ဆုံးဖြတ်ခြင်း၊

(ဈ) ပြည်နယ်ပါလီမန်၊ ပြည်နယ်အစိုးရ သို့မဟုတ် အထက်လွှတ်တော်၏ တောင်းဆိုချက်အရ ဥပဒေတစ်ရပ်ရပ်သည်ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၇၂ (၂)ပါ ဖက်ဒရယ်နှင့်ပြည်နယ် တစ်ပြိုင်တည်းဥပဒေပြုအာဏာတွင် ပါရှိသည့် အမျိုးသားအကျိုးစီးပွားအတွက် ဖက်ဒရယ်တွင်သာ ဥပဒေပြုအာဏာအပ်နှင်းထားသည့် ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ သဘောထားကွဲပြားမှုများအပေါ် ဆုံးဖြတ်ခြင်း၊

(ည) အခြေခံဥပဒေအပိုဒ် ၇၂ အပိုဒ်ခွဲ (၂) ပါပြဋ္ဌာန်းချက်အား ဆက်လက်ကျင့်သုံးဆောင်ရွက်ရန်မလိုအပ်သည့်အတွက် အခြေခံဥပဒေ အပိုဒ် ၇၂ အပိုဒ်ခွဲ (၄) ပါအတိုင်း အစားထိုးဆောင်ရွက်သောကိစ္စသည် ဖက်ဒရယ်ဆိုင်ရာစည်းမျဉ်းများနှင့် ကိုက်ညီမှု ရှိ မရှိ ကိုလည်းကောင်း၊ အခြေခံဥပဒေ အပိုဒ် ၁၂၅ က အပိုဒ်ခွဲ (၂) ကို ရည်ညွှန်းသည့်ကိစ္စရပ်သည် ဖက်ဒရယ်ဥပဒေအဖြစ် ဆက်လက်ကျင့်သုံးချမှတ်နိုင်ခြင်း ရှိ မရှိ ကိုလည်းကောင်း အထက်လွှတ်တော်၊ ပြည်နယ်အစိုးရ သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်က တောင်းဆိုလာသည်များအပေါ် ဆုံးဖြတ်ခြင်း၊

(ဋ) ဖက်ဒရယ်အစိုးရ၏ကြီးကြပ်မှုဖြင့် ပြည်နယ်အစိုးရက ဖက်ဒရယ်ဥပဒေများကို အကောင်အထည်ဖော်ရာတွင် ဖက်ဒရယ်နှင့်ပြည်နယ်များ၏ အခွင့်အရေးနှင့် တာဝန်များနှင့်စပ်လျဉ်း၍ သဘောထားကွဲလွဲမှုအပေါ် ဆုံးဖြတ်ခြင်း၊

(ဌ) ဖက်ဒရယ်နှင့်ပြည်နယ်အကြား၊ ပြည်နယ်အချင်းချင်းအကြား သို့မဟုတ် ပြည်နယ်အတွင်း အများဆိုင်ဥပဒေပြဿနာရပ်များအပေါ် ဖြေရှင်းရန် အခြားတရားရုံး မရှိလျှင် အဆိုပါ ပြဿနာရပ်များအပေါ် ဆုံးဖြတ်ခြင်း၊

(ဍ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးတစ်ရပ်ရပ်ကိုဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၀ အပိုဒ်ခွဲ (၄)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၈၊ အပိုဒ် ၁၀၁၊ အပိုဒ် ၁၀၃ သို့မဟုတ် အပိုဒ် ၁၀၄ တို့ပါ အခွင့်အရေးတစ်ရပ်ရပ်ကိုဖြစ်စေ အများပြည်သူဆိုင်ရာအာဏာပိုင်မှ ချိုးဖောက်ကြောင်း ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်မှုများနှင့် ဒေသန္တရအုပ်ချုပ်မှုများ သို့မဟုတ် ဒေသန္တရအုပ်ချုပ်မှုအဖွဲ့အစည်းများက တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၈ ပါ ၎င်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေးကို ဥပဒေတစ်ရပ်ရပ်က ချိုးဖောက်ခြင်း၊ ပြည်နယ်ဥပဒေတစ်ရပ်ရပ်က ချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ ထိုဥပဒေအား ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတွင် တိုင်တန်းနိုင်ခြင်းမရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုများကို ဆုံးဖြတ်ခြင်း၊

(ဎ) ဖက်ဒရယ်နှင့် ပြည်နယ်တရားသူကြီးများအပေါ် စွပ်စွဲပြစ်တင်မှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဏ) ပြည်နယ်ဥပဒေအရ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လွှဲအပ်သော ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ပြည်နယ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာဖြစ်ပွားလျှင် ၎င်းအပေါ်ဆုံးဖြတ်ခြင်း၊

(တ) ဖက်ဒရယ် သို့မဟုတ် ပြည်နယ် ပြဋ္ဌာန်းဥပဒေတစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်ကိုက်ညီမှု ရှိ မရှိ သို့မဟုတ် ပြည်နယ်ပြဋ္ဌာန်းဥပဒေတစ်ရပ်ရပ်သည် ပြည်ထောင်စုဥပဒေနှင့်ကိုက်ညီမှု ရှိ မရှိ တရားရုံးတစ်ရုံးမှ တင်ပြလာမှုအပေါ် ဆုံးဖြတ်ခြင်း၊

(ထ) စုံစမ်းစစ်ဆေးရေးကော်မတီတစ်ရပ် ဖွဲ့စည်းရန် အောက်လွှတ်တော်၏ ဆုံးဖြတ်ချက် တစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ စုံစမ်းစစ်ဆေးရေးကော်မတီများ အက်ဥပဒေ ပုဒ်မ ၃၆ ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်တို့နှင့် ကိုက်ညီမှု ရှိ မရှိ ဆုံးဖြတ်ခြင်း၊

(ဒ) ဖက်ဒရယ်ဥပဒေ၏အစိတ်အပိုင်းတစ်ခုခုသည် အပြည်ပြည်ဆိုင်ရာဥပဒေစည်းမျဉ်းနှင့် ကိုက်ညီမှု ရှိ မရှိကိုလည်းကောင်း၊ အဆိုပါစည်းမျဉ်းသည် နိုင်ငံသားများ၏ တာဝန်နှင့်အခွင့်အရေးများကို တိုက်ရိုက်ပေးအပ်ထားခြင်း ရှိ မရှိ ကိုလည်းကောင်း တရားရုံး တစ်ရုံးမှ တင်ပြလာမှုအပေါ် ဆုံးဖြတ်ခြင်း၊

(ဓ) ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဆုံးဖြတ်ချက်နှင့်သွေဖည်လျှင် သို့မဟုတ် အခြားပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဆုံးဖြတ်ချက်နှင့်သွေဖည်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အဆိုပါ တရားရုံးက တင်ပြလာမှုအပေါ် ဆုံးဖြတ်ခြင်း၊

(န) ဥပဒေတစ်ရပ်ရပ်အား ဖက်ဒရယ်ဥပဒေအဖြစ် ဆက်လက်ကျင့်သုံးရန် သင့် မသင့် သဘောထားကွဲလွဲမှုအပေါ် ဆုံးဖြတ်ခြင်း၊

(ပ) ဖက်ဒရယ်ဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းလာသော အမှုများအပေါ် ဆုံးဖြတ်ခြင်း။

ဖက်ဒရယ်ဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်မှုများကို ကျိုးကြောင်းဖော်ပြချက်များ သက်ဆိုင်သည့် သက်သေခံချက်များဖော်ပြ၍ စာဖြင့်ရေးသားတိုင်ကြားရမည်။[၅၈] ရှေ့နေ သို့မဟုတ် ဥပဒေပါမောက္ခတစ်ဦးမှ ကိုယ်စားပြုလိုက်ပါနိုင်သည်။[၅၉] ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆန့်ကျင်ကွဲလွဲသော သဘောရှိပါက သီးခြားမှတ်တမ်းတင်ထားပြီး အဖွဲ့၏ဆုံးဖြတ်ချက်ချမှတ်ရာတွင်ကန့်ကွက်မဲ၊ ထောက်ခံမဲများ စနစ်တကျဖော်ပြရသည်။[၆၀] ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ဆုံးဖြတ်ချက်များသည် ဖက်ဒရယ်နှင့်ပြည်နယ်များရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဖွဲ့အစည်းများ၊ တရားရုံးများနှင့် အများပြည်သူဆိုင်ရာအာဏာပိုင်များအားလုံးအပေါ်တွင် စည်းနှောင်အားရှိသည်။[၆၁]

ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အခြေခံအခွင့်အရေး လက်လွတ်ဆုံးရှုံးရမှုများ၊ နိုင်ငံရေးပါတီများ၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီမှုများ၊ ပြည်နယ်ဘဏ္ဍာသုံးစွဲမှုတွင် နိုင်ငံရေးပါတီများကိုချန်လှပ်ထားမှုများ၊ ဖက်ဒရယ်သမ္မတ၊ ဖက်ဒရယ်တရားသူကြီးများနှင့် ပြည်နယ်တရားသူကြီးများအပေါ် စွပ်စွဲပြစ်တင်မှုများတွင် တရားစီရင်ရေးအဖွဲ့ရှိ တရားသူကြီးများ၏ ၃ ပုံ ၂ ပုံသော ဆန္ဒမဲဖြင့်ဆုံးဖြတ်သည်။

---

[၅၈] Section 23 of the Act on the Federal Constitutional Court, 1951

[၅၉] Section 22 of the Act on the Federal Constitutional Court, 1951

[၆၀] Section 30 of the Act on the Federal Constitutional Court, 1951

[၆၁] Section 31 of the Act on the Federal Constitutional Court, 1951

ကျန်အမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရားစီရင်ရေးအဖွဲ့ရှိ တရားသူကြီးများ၏များရာ ဆန္ဒမဲဖြင့်ဆုံးဖြတ်သည်။[၆၂]

နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် ခွဲမထွက်ရေးမှု၊ အစိုးရအဆင့်များအကြား အာဏာ ခွဲဝေကျင့်သုံးခြင်းတို့နှင့် စပ်လျဉ်း၍ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ ဆုံးဖြတ်ခဲ့သောအမှုများကို သက်ဆိုင်ရာခေါင်းစဉ်အလိုက် တင်ပြထားပါသည်။

## ၃။ ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံ၏ ဖက်ဒရယ်စနစ်နှင့် အစိုးရအဆင့်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း (Federalism of Germany and Division of Power)

### ၃.၁။ ဂျာမနီနိုင်ငံ၏ဖက်ဒရယ်စနစ်

သမိုင်းကြောင်းအရ ဂျာမနီနိုင်ငံသည် ကွန်ဖက်ဒရေးရှင်းမှ အကြိမ်ကြိမ်ပြိုကွဲ၍ ဖက်ဒရေးရှင်းအဖြစ် ပြန်လည်ပေါင်းစည်းထားသော နိုင်ငံဖြစ်ပါသည်။ ဂျာမန်ဖက်ဒရေးရှင်း တွင် နှစ်နိုင်ငံမပေါင်းစည်းမီက အနောက်ဂျာမနီရှိ ပြည်နယ် (၁၀) ခု၊ အရှေ့ဂျာမနီရှိ ပြည်နယ်(၅) ခုနှင့် ဘာလင်ပြည်နယ်စသည်ဖြင့် (၁၆) ပြည်နယ်ပါဝင်ဖွဲ့စည်းထားပါသည်။

#### ၃.၁.၁။ နယ်မြေတည်တံ့ခိုင်မြဲရေး၊ ခွဲမထွက်ရေးမှု (Territorial Perpetuation)နှင့် ထင်ရှားသည့်အမှု

ဖွဲ့စည်းပုံအခြေခံဥပဒေ **အပိုဒ် ၇၉ (၃)**တွင် **ဂျာမန်ဖက်ဒရေးရှင်းအား ပြည်နယ်များ အဖြစ် ပြိုကွဲသွားစေမည့် အခြေခံဥပဒေပြင်ဆင်ချက်များကို တားမြစ်ကြောင်း** ဖော်ပြထား ပါသဖြင့် ဂျာမနီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် **ခွဲထွက်ရေးကိုခွင့်မပြုကြောင်း** တွေ့ ရှိရပါသည်။

ပြည်နယ်များခွဲထွက်ရေးနှင့်စပ်လျဉ်း၍ အမှုဖြစ်ပွားခဲ့ခြင်းမရှိသော်လည်း ယခင် ပရပ်ရှားဒေသဖြစ်ခဲ့ဖူးသော တောင်ပိုင်းပြည်နယ်ဟောင်း (၃) ခုက ပြည်နယ်တစ်ခုတည်း အဖြစ်ပေါင်းစည်းလိုသည့်အတွက် ဖြစ်ပွားခဲ့သော Southwest State Case (1951) နှင့် ယခင် ဝေမာဒေသဖြစ်ခဲ့ဖူးသော Oldenburg ပြည်နယ်အား Lower Saxony ပြည်နယ် တွင်းသို့ သွတ်သွင်းခဲ့သဖြင့် ဒေသခံများက ယခင်ပြည်နယ်ဟောင်းအား လွတ်လပ်သော ပြည်နယ်အဖြစ် ပြန်လည်သတ်မှတ်ပေးစေလိုသည့်အတွက် ဖြစ်ပွားခဲ့သည့် Oldenburg State Case (1978) အမှုတို့တွင် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက– **ပြည်နယ်နယ်နိမိတ်ပြောင်းလဲသတ်မှတ်ခြင်း၊ ပြည်နယ်များပေါင်းစည်းခြင်း၊ ပြည်နယ်သစ်**

[၆၂] Section 15 of the Act on the Federal Constitutional Court, 1951

**သတ်မှတ်ခြင်းစသည်တို့တွင် နောင်ဖြစ်လာမည့်ပြည်နယ်သစ်၏ အကျိုးစီးပွား သို့မဟုတ် ယခင်ပြည်နယ်ဟောင်း၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားရန်မဟုတ်ဘဲ ဖက်ဒရယ် ပြည်ထောင်စုတစ်ခုလုံး၏ အကျိုးစီးပွားကိုသာ ရှေ့ရှုရန်ဖြစ်ကြောင်း** သုံးသပ်ခဲ့ပါသည်။ Southwest State Case (1951) အမှုတွင် ပြည်နယ် (၃) ခုအား ပြည်နယ်တစ်ခုတည်း အဖြစ်ပေါင်းစည်းခြင်းကို တရားရုံးကခွင့်ပြုခဲ့ပြီး Oldenburg State Case (1978) အမှုတွင်မူ လွတ်လပ်သောသီးခြားပြည်နယ်အဖြစ် တည်ထောင်လိုသည့် ဒေသခံများ၏ ဆန္ဒမဲအရေအတွက်ပိုမိုများပြားသော်လည်း Oldenburg ပြည်နယ်ပြန်လည်တည်ထောင် ခြင်းကိုမူ တရားရုံးက ခွင့်မပြုခဲ့ကြောင်းတွေ့ရှိရပါသည်။[၆၃]

သို့ဖြစ်ပါ၍ ဂျာမနီနိုင်ငံ၏ဖက်ဒရယ်စနစ်တွင် ခွဲထွက်ရေးကိုခွင့်မပြုဘဲ ပေါင်းစည်း ရေးကိုသာ ရှေးရှုခဲ့ကြောင်းတွေ့ရှိရပါသည်။

### ၃.၁.၂။ ပူးပေါင်းဆောင်ရွက်မှုဖက်ဒရယ်စနစ် (Cooperative Federalism)

ဂျာမနီနိုင်ငံ၏ဖက်ဒရယ်စနစ်ကို **ပူးပေါင်းဆောင်ရွက်မှုဖက်ဒရယ်စနစ် (Cooperative Federalism)** ဟုလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်မှု (Self–Ruled) ထက် မျှဝေအုပ်ချုပ်မှု (Share– Ruled) ပိုမို အားကောင်းသည်ဟုလည်းကောင်း ပညာရှင်များ[၆၄]က သတ်မှတ် ကြသည်ကို တွေ့ရှိရပါသည်။

ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများသည် ပြည်သူ့ရေးရာမူဝါဒများချမှတ် ဆောင်ရွက်ရာတွင် အတူတကွပူးပေါင်းဆောင်ရွက်၍ တာဝန်ခံကြရပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် ၉၁(က)၊ ၉၁(ခ)၊ ၉၁(ဂ) တို့တွင် ဖက်ဒရယ်အစိုးရနှင့် ပြည်နယ် အစိုးရတို့ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းထားပါ သည်။ ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများသည် ဒေသတွင်းစီးပွားရေးအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးအဆင့်မြှင့်တင်ခြင်းနှင့် ကမ်းရိုးတန်း ထိန်းသိမ်းခြင်း၊ ပညာရေးအစီအစဉ်များနှင့် သုတေသနအဆင့်မြှင့်တင်ခြင်း၊ သတင်း အချက်အလက်နှင့် နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊

---

[၆၃] The Constitutional Jurisprudence of the Federal Republic of Germany, Donald P. Kommers and Russelle A. Miller, Third Edition, Revised and Expanded, Duke University Press, Durham and London, 2012, p–87.

[၆၄] Roland Sturm, Professor at Political Science Department, Friedrich Alexander University, Erlangen–Nuremburg. (Cooperative Federalisms and the Dominant Role of Consensus in Germany Federalism ဆောင်းပါးတွင်ကြည့်ရှုနိုင်ပါသည်။)

ဖက်ဒရယ်အစိုးရက ပြည်နယ်အစိုးရများကို အကူအညီပေးရမည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်များကိုလည်း အညီအမျှကျခံရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသည်။[၆၅]

## ၃.၂။ အစိုးရအဆင့်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း

ဂျာမနီနိုင်ငံ၏ အစိုးရအဆင့်များတွင် ဖက်ဒရယ်အစိုးရ (Federal Government)၊ ပြည်နယ်အစိုးရ (Lander) နှင့် ဒေသန္တရအစိုးရ (Municipality) ဟူ၍ အလွှာ (၃) ဆင့်ကို တွေ့ရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖက်ဒရယ်အစိုးရနှင့်ပြည်နယ်အစိုးရများအကြား ဥပဒေပြုပိုင်ခွင့်အာဏာများကို ခွဲခြားသတ်မှတ်ပေးထားပါသည်။

### ၃.၂.၁။ ဖက်ဒရယ်ဥပဒေပြုအာဏာ (Exclusive Legislative Power of the Federation)

ဖွဲ့စည်းပုံအခြေခံဥပဒေ **အပိုဒ် ၇၃** တွင်ဖက်ဒရယ်အစိုးရ၏ ဥပဒေပြုအာဏာများကို ပြဋ္ဌာန်းထားပါသည်။ ဖက်ဒရယ်အစိုးရသည် နိုင်ငံခြားရေးနှင့်ကာကွယ်ရေး၊ နိုင်ငံသားဖြစ်မှု၊ လူဝင်မှုကြီးကြပ်ရေး၊ ငွေကြေးထုတ်လုပ်မှု၊ နိုင်ငံခြားကုန်သွယ်မှု၊ လေကြောင်းပို့ဆောင်ရေး၊ ဖက်ဒရယ်အဆင့်မီးရထားလမ်းများ၊ စာတိုက်နှင့် ကြိုးဟ်တုဆက်သွယ်ရေး၊ ဉာဏပစ္စည်းဆိုင်ရာအခွင့်အရေး၊ မူပိုင်ခွင့်နှင့်ထုတ်ဝေခွင့်၊ ဖက်ဒရယ်ရဲတပ်ဖွဲ့၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ ပြစ်မှုဆိုင်ရာရဲတပ်ဖွဲ့လုပ်ငန်းနှင့် အပြည်ပြည်ဆိုင်ရာရာဇဝတ်ပြစ်မှုများ တိုက်ဖျက်ရေးတို့တွင် ဖက်ဒရယ်နှင့် ပြည်နယ်ပူးပေါင်းဆောင်ရွက်သည့်ကိစ္စများ၊ ဖက်ဒရယ်ဆိုင်ရာစာရင်းအင်းကိစ္စများ၊ ပေါက်ကွဲစေတတ်သောပစ္စည်းနှင့် လက်နက်များဆိုင်ရာ ဥပဒေများ၊ စစ်ဘေးသင့်မသန်စွမ်းသူများ၊ စစ်အတွင်းသေဆုံးသူများ၏ မှီခိုသူများ၊ စစ်အတွင်းဖမ်းဆီးခံရသူများအတွက် အကျိုးဖြစ်ထွန်းစေရေးကိစ္စများ၊ နျူကလီယလက်နက်ဆိုင်ရာကိစ္စများအတွက် သီးသန့်ဥပဒေပြုအာဏာရှိပါသည်။

### ၃.၂.၂။ ကြွင်းကျန်ဥပဒေပြုအာဏာ (Residual Legislative Power)

ဖွဲ့စည်းပုံအခြေခံဥပဒေ **အပိုဒ် ၇၀** တွင် အခြေခံဥပဒေအရ ဖက်ဒရယ်အစိုးရအား အာဏာအပ်နှင်းထားခြင်းမရှိသော ဥပဒေပြုကိစ္စရပ်များကို ပြည်နယ်များက ဥပဒေပြုနိုင်ကြောင်းပြဋ္ဌာန်းထားရာ ကြွင်းကျန်ဥပဒေပြုအာဏာများကို ပြည်နယ်များသို့ အပ်နှင်းထားသည်ကို တွေ့ရှိရပါသည်။

---

[၆၅] The Constitutional Jurisprudence of the Federal Republic of Germany, Donald P. Kommers and Russelle A. Miller, Third Edition, Revised and Expanded, Duke University Press, Durham and London, 2012, p–142.

### ၃.၂.၃။ အာဏာခွဲဝေကျင့်သုံးခြင်းနှင့်စပ်လျဉ်းသည့် ထင်ရှားသောအမှု

ဖက်ဒရယ်အစိုးရ၏ သီးသန့်ဥပဒေပြုအာဏာနှင့် ပြည်နယ်များ၏ ကြွင်းကျန်ဥပဒေပြုအာဏာနှင့်စပ်လျဉ်း၍ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့သည့် ထင်ရှားသည့်စီရင်ထုံးတစ်ခုရှိခဲ့ပါသည်။

**First Broadcasting Case (1961)** တွင် ဂျာမနီနိုင်ငံ၏ ဖက်ဒရယ်ဝန်ကြီးချုပ် ကွန်ရက်အက်ဒီနာဝါ[၆၆] (Konrad Adenauer) လက်ထက်တွင် ဖက်ဒရယ်အဆင့်ရုပ်မြင်သံကြားဌာနတစ်ခုကို တည်ထောင်ဖွင့်လှစ်ရန် ကြိုးပမ်းခဲ့သည်။ ဖက်ဒရယ်အဆင့်တွင် ထိုစဉ်ကပြသလျက်ရှိသည့် အဓိကရုပ်သံလိုင်းတစ်ခုမှာ ပြည်နယ်များက ထိန်းချုပ်ထားသော ရုပ်သံလိုင်းဖြစ်ခဲ့သည်။ ဝန်ကြီးချုပ် အက်ဒီနာဝါသည် ခရစ်ယာန်ဒီမိုကရစ်တစ်ယူနီယံပါတီ၏ ခေါင်းဆောင်ဖြစ်ပြီး ဗဟို-လက်ဝဲ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော ပြည်နယ်များက ဝန်ကြီးချုပ်အား အများဆုံးဆန့်ကျင်လျက်ရှိသည့် အချိန်လည်းဖြစ်သည်။ သို့ဖြစ်၍ ဝန်ကြီးချုပ်၏ ဖက်ဒရယ်ရုပ်မြင်သံကြားဌာန ဖွင့်လှစ်ရန် ကြိုးပမ်းမှုကို ထိုပြည်နယ်များက ဆန့်ကျင်ခဲ့ကြပါသည်။ ဆန့်ကျင်မှုများကြားကပင် ဝန်ကြီးချုပ် အက်ဒီနာဝါသည် ဖက်ဒရယ်ရုပ်မြင်သံကြားဌာနကို အမိန့်ထုတ်ပြန်၍ ဖွင့်လှစ်တည်ထောင်ခဲ့သည်။

ထိုအခါ ပြည်နယ်အများစုက ဝန်ကြီးချုပ်ထုတ်ပြန်သော အမိန့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခဲ့ကြသည်။ ပြည်နယ်များက ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇၀ (၁) တွင် ကြွင်းကျန်ဥပဒေပြုအာဏာများကို ပြည်နယ်များသို့ အပ်နှင်းထားကြောင်းနှင့် ဖက်ဒရယ်အစိုးရသည် ရုပ်မြင်သံကြားနှင့်စပ်လျဉ်း၍ ဥပဒေပြုခွင့်၊ အမိန့်ထုတ်ပြန်ခွင့်မရှိကြောင်း ကိုးကား လျှောက်လဲခဲ့သည်။

ဖက်ဒရယ်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇၃ (၇) ကို ကိုးကား၍ ဖက်ဒရယ်အစိုးရသည် စာတိုက်နှင့် ဂြိုဟ်တုဆက်သွယ်ရေး(postal and telecommunication services) တွင် သီးသန့်ဥပဒေပြုပိုင်ခွင့်အာဏာရှိကြောင်း ပြန်လည်ချေပလျှောက်လဲခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက-

ဖက်ဒရယ်အစိုးရသည် အခြေခံဥပဒေက အပ်နှင်းထားသည့် သီးသန့်ဥပဒေပြုစာရင်းပါကဏ္ဍများအတွက်သာ ဥပဒေပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။ သို့ဖြစ်၍ ဖက်ဒရယ် ဥပဒေပြုအာဏာသည် အခြေခံဥပဒေက အတိအလင်းဖော်ပြထားသောပြဋ္ဌာန်းချက်များမှ

---

[၆၆] ၁၉၄၉ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ဂျာမနီနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်အဖြစ်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

ဆင်းသက်လာသည်ဟု ယူဆရပေမည်။ ထို့ပြင် ရုပ်သံထုတ်လွှင့်ခြင်းမှာ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်တစ်ရပ်ဖြစ်သည့်အတွက် ပြည်နယ်များက ဥပဒေပြုပိုင်ခွင့်ရှိသော ကိစ္စရပ်အတွင်းကျရောက်ပေသည်။ အခြေခံဥပဒေ အပိုဒ် ၇၃(၇) ပါ ဖက်ဒရယ်အဆင့် ဥပဒေပြုအာဏာဖြစ်သည့် ဂြိုဟ်တုဆက်သွယ်ရေး (telecommunication) ၏နည်းပညာ ကဏ္ဍသည် ရုပ်သံထုတ်လွှင့်ခြင်း (broadcasting) တွင်မရှိမဖြစ်အသုံးပြုရသည့် လိုအပ်ချက်မဟုတ်ကြောင်း၊ သတင်းအချက်အလက်နည်းပညာကဏ္ဍပါဝင်ခြင်း မရှိသော ရုပ်သံထုတ်လွှင့်ခြင်းသည် ဖက်ဒရယ်အစိုးရက လုပ်ပိုင်ခွင့်ရှိသော ဥပဒေပြုကဏ္ဍ မဟုတ်ဟု ဆုံးဖြတ်ခဲ့ပါသည်။

### ၃.၂.၄။ တစ်ပြိုင်တည်းဥပဒေပြုအာဏာ (Concurrent Legislative Power)

ဖွဲ့စည်းပုံအခြေခံဥပဒေ **အပိုဒ် ၇၂ နှင့် ၇၄** တို့တွင် ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရတို့၏ တစ်ပြိုင်တည်းဥပဒေပြုနိုင်သည့် ကိစ္စရပ်များကို ပြဋ္ဌာန်းထားပါသည်။

ဖက်ဒရယ်အစိုးရနှင့်ပြည်နယ်အစိုးရတို့သည်–

- အမဲလိုက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့်စီမံခန့်ခွဲရေး၊ မြေအသုံးပြုခြင်း၊ ဒေသတွင်းစီမံကိန်းများ၊ ရေအရင်းအမြစ်စီမံခန့်ခွဲခြင်း၊
- အဆင့်မြင့်ပညာသင်ကြားရေးတွင် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတည်ထောင်ခွင့်ပြုခြင်း၊ အိမ်ရာနှင့်မြေရာခွန်များ၊
- တရားမဆိုင်ရာ၊ ရာဇဝတ်ဆိုင်ရာတရားရုံးများ တည်ထောင်ဖွဲ့စည်းခြင်းနှင့် တရားရုံးလုပ်ထုံးလုပ်နည်းများ၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းသည့်ကိစ္စများ၊ နိုတြီနှင့် ဥပဒေအကြံပေးခြင်းကိစ္စများ၊
- မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ထိမ်းမြားခြင်းဆိုင်ရာမှတ်ပုံတင်ကိစ္စများ၊
- အသင်းအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ၊ အလုပ်သမားဥပဒေ၊
- **နိုင်ငံခြားသားများအခြေချနေထိုင်ခြင်းဆိုင်ရာဥပဒေ၊**
- **လူမှုဖူလုံရေးကိစ္စများ၊**
- စစ်လျော်ကြေးကိစ္စများ၊ဒုက္ခသည်များ၊ပြည်နှင်ဒဏ်ပေးခံရသူများနှင့်သက်ဆိုင်သည့်ကိစ္စများ၊
- **ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ဖျော်ဖြေရေးရုံများ၊ ပြပွဲများမှအပ စီးပွားရေးဆိုင်ရာကိစ္စများနှင့်သက်ဆိုင်သည့်ဥပဒေများ၊**
- **သုတေသနအဆင့်မြှင့်တင်ရေး၊လေ့ကျင့်သင်ကြားပေးရေးနှင့် ပညာရေးဆိုင်ရာစည်းမျဉ်းများ၊**
- **သဘာဝသယံဇာတများနှင့်မြေများလွှဲပြောင်းခြင်း၊ ပြည်သူပိုင်ဆောင်ရွက်ခြင်း၊**

- စီးပွားရေးအင်အားကို အလွဲသုံးခြင်းမှ တားဆီးခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များနှင့်သစ်တောများတိုးမြှင့်ခြင်း၊ မြို့ပြအိမ်ရာ၊ မြေယာလုပ်ငန်းများနှင့် မြေယာဥပဒေ၊ လယ်ယာမြေသိမ်းယူခြင်းနှင့်စပ်လျဉ်းသည့်ဥပဒေ၊ လူသားနှင့်တိရိစ္ဆာန်ရောဂါများတိုက်ဖျက်ချေမှုန်းရေး၊
- **ဆေးရုံများ၏ စီးပွားရေးအရတရားဝင်မှုနှင့် ဆေးရုံစရိတ်စည်းမျဉ်းများ**
- **စားသောက်ကုန်များဆိုင်ရာဥပဒေ၊ အရက်နှင့် ဆေးရွက်ကြီးဆိုင်ရာဥပဒေ၊ အပင်များနှင့်တိရိစ္ဆာန်များကာကွယ်ခြင်းဆိုင်ရာဥပဒေ၊**
- ပင်လယ်ရေကြောင်းသွားလာခြင်းဆိုင်ရာကိစ္စများ၊
- **ကုန်းလမ်းသွားလာရေးဆိုင်ရာကိစ္စများ၊**
- တောင်ပေါ်မီးရထားလမ်းမှအပ ဖက်ဒရယ်အဆင့်မဟုတ်သော မီးရထားလမ်းများ၊ စွန့်ပစ်ပစ္စည်းများ၊ လေထုညစ်ညမ်းမှုနှင့် ဆူညံမှုများထိန်းချုပ်ရေး၊
- **ပြည်နယ်တာဝန်ယူမှု၊**
- **လူသားဘဝမျိုးဆက်ဆိုင်ရာ ဆေးပညာအကူအညီပေးရေး၊ ကိုယ်အင်္ဂါ တစ်ရှူးနှင့် ဆဲလ်အစားထိုးကုသခြင်းအပါအဝင် မျိုးရိုးဗီဇပြုပြင်ခြင်းတို့ကို လေ့လာဆန်းစစ်ခြင်း၊**
- ပြည်နယ်များရှိ အစိုးရဝန်ထမ်းများ၏ အခွင့်အရေးနှင့်တာဝန်များ၊ အများပြည်သူဆိုင်ရာဥပဒေဖြင့် တည်ထောင်ဖွဲ့စည်းထားရှိသော ဒေသန္တရအစိုးရများ၏ အခွင့်အရေးနှင့်တာဝန်များ

စသည့်ကိစ္စများတွင် တစ်ပြိုင်တည်း ဥပဒေပြုအာဏာရှိကြပါသည်။ သို့ရာတွင် အခြေခံဥပဒေ အပိုဒ် ၇၂ (၂) တွင် ခြွင်းချက်ပြုထားသည်မှာ–

“ဖက်ဒရယ်ပြည်ထောင်စု၏နယ်နိမိတ်အတွင်း မျှခြေညီညွတ်သော နေထိုင်မှုအခြေအနေများဖန်တီးရန်နှင့် **အမျိုးသားအကျိုးစီးပွားအတွက်လိုအပ်သော ဖက်ဒရယ်စည်းမျဉ်းအားအကောင်အထည်ဖော်ဆောင်ရွက်ရန်အလို့ငှာ** ဥပဒေရေးရာနှင့်စီးပွားရေးရာ တစ်ပြေးညီစုစည်းညီညွတ်မှုကိုထိန်းသိမ်းရန်အတွက် ဖက်ဒရယ်အစိုးရသည်– နိုင်ငံခြားသားများအခြေချနေထိုင်ခြင်းဆိုင်ရာဥပဒေ၊ လူမှုဖူလုံရေးဥပဒေ၊ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ဖျော်ဖြေရေးရုံများ၊ ပြပွဲများမှအပ စီးပွားရေးဆိုင်ရာကိစ္စများနှင့် သက်ဆိုင်သည့်ဥပဒေ၊ သုတေသနအဆင့်မြှင့်တင်ရေး၊ လေ့ကျင့်သင်ကြားပေးရေးနှင့် ပညာရေးဆိုင်ရာစည်းမျဉ်းများ၊ သဘာဝသယံဇာတများနှင့်မြေများလွှဲပြောင်းခြင်း၊ ပြည်သူပိုင် ဆောင်ရွက်ခြင်း၊ ဆေးရုံများ၏ စီးပွားရေးအရတရားဝင်မှုနှင့် ဆေးရုံစရိတ်စည်းမျဉ်းများ စားသောက်ကုန်များဆိုင်ရာဥပဒေ၊ အရက်နှင့် ဆေးရွက်ကြီးဆိုင်ရာဥပဒေ၊ အပင်များနှင့် တိရိစ္ဆာန်များကာကွယ်ခြင်းဆိုင်ရာဥပဒေ၊ ကုန်းလမ်းသွားလာရေးဆိုင်ရာကိစ္စများ၊ ပြည်နယ်တာဝန်ယူ

မှု၊ လူသားဘဝမျိုးဆက်ဆိုင်ရာ ဆေးပညာအကူအညီပေးရေး၊ ကိုယ်အင်္ဂါတစ်ရှူးနှင့် ဆဲလ် အစားထိုးကုသခြင်းအပါအဝင် မျိုးရိုးဗီဇပြုပြင်ခြင်းတို့ကို လေ့လာဆန်းစစ်ခြင်း စသည့် ကဏ္ဍ (၁၀) ခုတွင် ဥပဒေပြုပိုင်ခွင့်ရှိကြောင်း” ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

ထို့ပြင် အခြေခံဥပဒေအပိုဒ် ၇၂(၃) ၌ **ဖက်ဒရယ်ဥပဒေနှင့် ပြည်နယ်ဥပဒေကြား ဆက်နွယ်မှုနှင့်စပ်လျဉ်း၍ ရှေ့၌ပြဋ္ဌာန်းထားသောဥပဒေထက် နောက်မှပြဋ္ဌာန်းသော ဥပဒေအား ဦးစားပေးလိုက်နာရမည်** ဟု ပြဋ္ဌာန်းထားသည်ကိုတွေ့ရှိရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများအတွက် ဥပဒေပြဋ္ဌာန်းချက်များကိုသာ အသေးစိတ်ဖော်ပြထားပြီး ဒေသန္တရအစိုးရများအတွက်မူ သီးခြားထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိသည်ကို တွေ့ရပါသည်။

သို့ရာတွင် ပြည်နယ်များအနေဖြင့်ဒေသန္တရအစိုးရများကိုဒေသဆိုင်ရာကဏ္ဍ ပေါင်းစုံတွင် တာဝန်ပေးအပ်ရန်နှင့် ဘဏ္ဍာရေးဆိုင်ရာဆုံးဖြတ်ပိုင်ခွင့်အချို့ကိုပေးအပ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကပြဋ္ဌာန်းထားသည်။ ထင်ရှားသည့်အချက်များမှာ–

(က) ပြည်နယ်အစိုးရများက ဒေသန္တရအစိုးရများကို ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေကြေးထောက်ပံ့မှုများ တိုက်ရိုက်ပြုလုပ်ခွင့်ရှိခြင်း (အခြေခံဥပဒေ အပိုဒ် ၁၀၄(ခ))

(ခ) ဒေသန္တရဆိုင်ရာ ပညာရေးအခြေခံအဆောက်အအုံများအတွက် ပြည်နယ် အစိုးရက ဒေသန္တရအစိုးရများကို ငွေကြေးထောက်ပံ့မှုများ တိုက်ရိုက် ပြုလုပ်ခွင့်ရှိခြင်း (အခြေခံဥပဒေအပိုဒ် ၁၀၄ (ဂ))

(ဂ) ဝင်ငွေနည်းလူတန်းစားများအတွက် အိမ်ရာစီမံကိန်းများဆောင်ရွက်ပေးရာ တွင် ပြည်နယ်မှ ဒေသန္တရသို့ ငွေကြေးထောက်ပံ့မှုတိုက်ရိုက်ပြုလုပ်ခွင့် ရှိခြင်း (အခြေခံဥပဒေ အပိုဒ် ၁၀၄ (ဃ)) စသည်တို့ဖြစ်ပါသည်။

သို့ဖြစ်၍ ဒေသန္တရအစိုးရများမှာ အတန်သင့်အားကောင်းလာကြပြီး ဖက်ဒရယ် အစိုးရအပေါ် မှီခိုမှုလျော့နည်းစေကြောင်း တွေ့ရှိရပါသည်။

## ၄။ သုံးသပ်တင်ပြချက်

ဂျာမနီနိုင်ငံ၏ ဖက်ဒရယ်စနစ်သည် ကနေဒါနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တောင်အာဖရိက နိုင်ငံတို့ကဲ့သို့ တိုင်းရင်းသားစုံလင်ကွဲပြားမှု၊ အသားအရောင်ကွဲပြားမှု၊ နိုင်ငံရေးမတူကွဲပြား မှု၊ ယဉ်ကျေးမှုမတူကွဲပြားမှု စသည့်မတူကွဲပြားမှုများကို အတူတကွစုစည်းတည်ထောင် ထားသည့် ဖက်ဒရယ်စနစ်ကဲ့သို့ ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ရှေးယခင်ကတည်းကပင် ပြည်ထောင်နိုင်ငံများကမဟာမိတ်အဖြစ်စုဖွဲ့ထားသည့် ကွန်ဖက်ဒရေးရှင်းမှသည် ဖက်ဒရေးရှင်း အဖြစ်သို့ ပြောင်းလဲခဲ့သည့်နိုင်ငံဖြစ်သည်။ **ပထဝီအနေအထားအရ** နှစ်နိုင်ငံပေါင်းစည်း ပြီးနောက် **ဗဟို – ပြည်နယ်အကျိုးစီးပွား ပေါင်းစည်းဆောင်ရွက်ရန်** ရည်ရွယ်ချက်ဖြင့် ကျင့်သုံးပေါ်ပေါက်လာသည့် ဖက်ဒရယ်စနစ်ဖြစ်ပါသည်။

ဂျာမနီနိုင်ငံကဲ့သို့ပင် ကွန်ဖက်ဒရေးရှင်းမှ ဖက်ဒရေးရှင်းအဖြစ်သို့ ပြောင်းလဲကျင့်သုံးခဲ့သည့်အခြားနိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်ပြီး အမေရိကန်ကွန်ဖက်ဒရေးရှင်းတွင် ဗဟိုအစိုးရမှာ အားနည်းသောအစိုးရဖြစ်လာခဲ့သဖြင့် နောက်ပိုင်းတွင် ပြည်နယ်များက အလိုအလျောက်ပါဝင်လိုသည့်သဘောဆန္ဒအရ ပိုမိုကောင်းမွန်သော ဖက်ဒရေးရှင်းအဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ နှစ်နိုင်ငံလုံးတွင် တူညီသည့်အချက်မှာ ကြွင်းကျန်ဥပဒေပြုအာဏာများကို ပြည်နယ်များသို့ အပ်နှင်းထားခြင်းဖြစ်ပါသည်။ ဖက်ဒရယ်စနစ်ကျင့်သုံးသည့်ရည်ရွယ်ချက်နှင့် သမိုင်းကြောင်းနောက်ခံကိုမူတည်၍ အမေရိကန်နိုင်ငံ၏ဖက်ဒရယ်စနစ်အား အတူယှဉ်တွဲရေးဖက်ဒရယ်စနစ် (Coming Together Fedelism) ဟု သတ်မှတ်ကြပြီး ဂျာမနီနိုင်ငံ၏ဖက်ဒရယ်စနစ်အား **ပူးပေါင်းဆောင်ရွက်မှုဖက်ဒရယ်စနစ်** (Cooperative Federalism) ဟု သတ်မှတ်ကြပါသည်။

ဂျာမနီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင့်သုံးသော ဖက်ဒရယ်စနစ်သည် ပြည်ထောင်စုတစ်ခုလုံး၏ အကျိုးစီးပွားကိုရှေးရှု၍ နယ်မြေတည်တံ့ခိုင်မြဲရေးကို အလေးထားပြီး **ခွဲထွက်ခြင်းကို တားမြစ်**ထားပါသည်။ ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများ ပူးပေါင်းဆောင်ရွက်ရမည့် ကဏ္ဍများကိုလည်း အခြေခံဥပဒေတွင် ဖော်ပြထားသည်။ ပြည်နယ်အစိုးရများသည် ဒေသန္တရအစိုးရများကို ဒေသဆိုင်ရာကဏ္ဍများတွင် ဘဏ္ဍာရေးဆိုင်ရာ ဆုံးဖြတ်ပိုင်ခွင့်အာဏာ ပေးအပ်ထားသဖြင့် **ဒေသန္တရအစိုးရများအားကောင်း**သည်ကို တွေ့ရပါသည်။

ဂျာမနီနိုင်ငံ၏ ပြည်နယ်များသည် ဖက်ဒရယ်ဆိုင်ရာဥပဒေပြုခြင်းနှင့် အုပ်ချုပ်ခြင်းတို့တွင် အထက်လွှတ်တော်မှတစ်ဆင့် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၅၀ တွင် ဖော်ပြထားသဖြင့် အထက်လွှတ်တော်သည် ဂျာမနီနိုင်ငံရှိပြည်နယ်အားလုံးကို ကိုယ်စားပြုကြောင်း၊ အိန္ဒိယနိုင်ငံ၊ တောင်အာဖရိကနိုင်ငံနှင့် အမေရိကန်နိုင်ငံများရှိ အထက်လွှတ်တော်များတွင်လည်း ပြည်နယ်များမှ အချိုးကျကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားကြောင်း တွေ့ရှိရသဖြင့် **ဖက်ဒရယ်စနစ်တွင် အထက်လွှတ်တော် သို့မဟုတ် အထက်လွှတ်တော်နှင့် သဘောသဘာဝတူညီသည့် အဖွဲ့အစည်းများကိုဖွဲ့စည်းရာ၌ ပြည်နယ်များအား ကိုယ်စားပြုမှုရှိရန်လိုအပ်ကြောင်း** သုံးသပ်တွေ့ရှိရသည်။ ထို့ပြင် ဂျာမနီနိုင်ငံ၌ ပြည်သူအားလုံးကို ကိုယ်စားပြုသော အောက်လွှတ်တော်၌ ကိုယ်စားလှယ်များအားရွေးချယ်ရာတွင်လည်း ကိုယ်စားလှယ်ထက်ဝက်အား မဲဆန္ဒနယ်များကို အခြေခံ၍ နိုင်သူအကုန်ယူ (FPTP) စနစ်ဖြင့်လည်းကောင်း၊ ကျန်ထက်ဝက်အား ပြည်နယ် (၁၆) ပြည်နယ်ရှိ နိုင်ငံရေးပါတီများကို အခြေခံ၍ အချိုးကျကိုယ်စားပြုစနစ် (Party-List PR) ဖြင့်ရွေးချယ်ထားသောကြောင့် **နိုင်ငံရေးတွင်အားလုံးပါဝင်နိုင်ခြင်း (All Inclusive)၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေပြုဆောင်ရွက်နိုင်ခြင်း** စသည့်အကျိုးကျေးဇူးများရရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရာတွင်လည်း ဖက်ဒရေးရှင်းအားပြိုကွဲစေမည့် ပြင်ဆင်ချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူများကိုထိခိုက်စေမည့် ပြင်ဆင်ချက်များအားတားမြစ်ထားခြင်းဖြင့် **ပြင်ဆင်ရန်ခွင့်မပြုသည့်အချက်များ (un–amendable clauses)** ကို ထည့်သွင်းဖော်ပြထားပြီး ကျန်ပြင်ဆင်ချက်များပြုလုပ်လိုပါက လွှတ်တော်တစ်ရပ်ရပ်ရှိ ကိုယ်စားလှယ် သုံးပုံနှစ်ပုံ၏ ထောက်ခံချက်ဖြင့် ပြင်ဆင်နိုင်ကြောင်း တွေ့ရပါသည်။ ဂျာမနီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ခေတ်မီပြီး လိုက်လျောညီထွေရှိသည့်အခြေခံဥပဒေဖြစ်သော်လည်း အခြားသော ပြင်ဆင်ရန်လွယ်ကူသည့် အခြေခံဥပဒေ (Fair– weather Constitution) များနှင့်မူ တူညီခြင်းမရှိကြောင်း ဂျာမန်ဥပဒေပညာရှင်များ၏ သုံးသပ်ချက်ကိုလည်းလေ့လာတွေ့ရှိရပါသည်။

အရေးပေါ်အခြေအနေသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ဖက်ဒရယ် သို့မဟုတ် ပြည်နယ်၏ တည်တံ့ခိုင်မြဲမှု သို့မဟုတ် ဒီမိုကရေစီအခြေခံကျသည့်ဖွဲ့စည်းမှုတို့အပေါ် အန္တရာယ်တစ်ရပ်ပေါ်ပေါက်လျှင် ထို**အန္တရာယ်မှလွန်မြောက်သည့် အချိန်ထိ သို့မဟုတ် အောက်လွှတ်တော်က အရေးပေါ်အခြေအနေကြေညာချက်ကို ပယ်ဖျက်ပေးရန်တောင်းဆိုသည့်အချိန်ထိ** အရေးပေါ်ကာလသတ်မှတ်ဆောင်ရွက်နိုင်ကြောင်း တွေ့ရသဖြင့် အရေးပေါ်အခြေအနေ၏ အချိန်ကာလကို တိတိကျကျအသေးစိတ် သတ်မှတ်ထားခြင်းမရှိဘဲ ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အခြေခံသဘောမျှသာ သတ်မှတ်ထားသည်ကိုတွေ့ရှိရပါသည်။ ထိုကဲ့သို့ အချိန်ကာလအား ကျယ်ကျယ်ပြန့်ပြန့်ပေးထားခြင်းအားဖြင့် အရေးပေါ်အခြေအနေမှ မူလအခြေအနေသို့ပြန်လည်ရောက်ရှိရန် ဆောင်ရွက်ရသည့် အစိုးရအဖွဲ့အစည်းအနေဖြင့် တိုင်းပြည် သို့မဟုတ် တိုင်းပြည်၏ အစိတ်အပိုင်းအပေါ် ကျရောက်သည့်အန္တရာယ်အမျိုးအစားအလိုက် မိမိတို့၏တာဝန်အား လွတ်လပ်စွာဖြင့်ထိထိရောက်ရောက်အမြန်ဆုံးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ အခြားတစ်ဖက်တွင်လည်း အရေးပေါ်အခြေအနေဆိုင်ရာအချိန်ကာလကို တိတိကျကျ သတ်မှတ်ဖော်ပြခြင်းသည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် တာဝန်ယူဆောင်ရွက်ရမည့်အစိုးရအဖွဲ့အစည်းအား သတ်မှတ်ကာလအတွင်း တာဝန်ပြီးမြောက်စေရေးအတွက် ရည်ရွယ်သော်လည်း ကျရောက်သည့်အရေးပေါ်အန္တရာယ်အမျိုးအစားအလိုက် တာဝန်ယူဆောင်ရွက်ရမည့် အချိန်ကာလလည်းမတူညီနိုင်ကြောင်း သုံးသပ်မိပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း (Constitutional Review) နှင့်စပ်လျဉ်း၍မူ ဂျာမနီနှင့် တောင်အာဖရိကနိုင်ငံတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွားမှုများကို ဆုံးဖြတ်ရန်အတွက် သီးခြားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဖွဲ့စည်းတည်ထောင်၍ Kelsenian or European or Centralized Model ကိုကျင့်သုံးကြပါသည်။ သို့ရာတွင် ဂျာမနီနိုင်ငံရှိ ပြည်နယ်များတွင် ပြည်နယ်ဖွဲ့စည်းပုံ

အခြေခံဥပဒေဆိုင်ရာတရားရုံးများတည်ထောင်ထားသည်ကိုတွေ့ရှိရပြီး တောင်အာဖရိက နိုင်ငံရှိ ပြည်နယ်များတွင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ ဖွဲ့စည်း တည်ထောင်ထားခြင်း မရှိကြောင်း တွေ့ရပါသည်။ ဂျာမနီနှင့် တောင်အာဖရိကနိုင်ငံတို့ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများသည် အမှုသည် နှစ်ဖက်အငြင်းပွားမှုမရှိဘဲ တင်သွင်းလာသည့် အမှုများကိုဆုံးဖြတ်ခြင်း (Abstrct Review) နှင့် အမှုသည်နှစ်ဖက် အငြင်းပွားမှုအပေါ် ခိုင်မာစွာတည်ဆောက်ထားသည့် အမှုများကိုဆုံးဖြတ်ခြင်း (Concret Review) တို့ကိုဆောင်ရွက်နိုင်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးသည်လည်း Abstract review[၆၇] နှင့် concret review[၆၈] နှစ်မျိုးလုံးကို ဆောင်ရွက် နိုင်ကြောင်း တွေ့ရပါသည်။

ဂျာမနီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ဥပဒေပြုရေးကဏ္ဍတွင် ဖက်ဒရယ်အဆင့် ဥပဒေပြုနိုင်သောကိစ္စများနှင့် ဖက်ဒရယ်အဆင့်နှင့်ပြည်နယ်အဆင့် တစ်ပြိုင်တည်းဥပဒေ ပြုနိုင်သောကိစ္စများစသည့် စာရင်း (၂) မျိုးကို အပိုဒ်ပြဋ္ဌာန်းချက်များဖြင့် အတိအလင်း ဖော်ပြထားသည်ကိုတွေ့ရှိရပါသည်။ အိန္ဒိယနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် ပြည်ထောင်စု၏ ဥပဒေပြုအာဏာ၊ ပြည်နယ်များ၏ဥပဒေပြု အာဏာနှင့် တစ်ပြိုင်တည်းဥပဒေပြုအာဏာစသည့် စာရင်း (၃) မျိုးကို နောက်ဆက်တွဲ ဇယားများဖြင့် ဖော်ပြထားသည်ကိုတွေ့ရသည်။ ကနေဒါနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်လည်း အလားတူစာရင်း (၃) မျိုးကို အပိုဒ်ပြဋ္ဌာန်းချက်များ ဖြင့် ဖော်ပြထားပြီး အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ ဖက်ဒရယ်အဆင့် ဥပဒေပြုအာဏာ(၁)ခုကိုသာ အပိုဒ်ပြဋ္ဌာန်းချက်ဖြင့်တွေ့ရှိရပါသည်။ **အိန္ဒိယ၊ တောင်အာဖရိက နှင့် ကနေဒါတို့တွင် ကြွင်းကျန်အာဏာများကို ဗဟိုအဆင့်ကရယူထားပြီး အမေရိကန်၊ ဂျာမနီနှင့် ဩစတြေးလျနိုင်ငံတို့တွင် ကြွင်းကျန်အာဏာများကို ပြည်နယ်များထံအပ်နှင်း ထားပါသည်။**

တစ်ပြိုင်တည်းဥပဒေပြုအာဏာနှင့်စပ်လျဉ်း၍မူ **အမေရိကန်၊ အိန္ဒိယ၊ ကနေဒါနှင့် တောင်အာဖရိကနိုင်ငံတို့တွင်** ဖက်ဒရယ်အဆင့်နှင့် ပြည်နယ်အဆင့်တို့မှ ပြဋ္ဌာန်းသော ဥပဒေများကွဲလွဲပါက မည်သည့်ဥပဒေက လွှမ်းမိုးကြောင်းကို အတိအလင်းပြဋ္ဌာန်းခြင်း မတွေ့ရဘဲ တရားစီရင်ရေးမဏ္ဍိုင်မှ အဆုံးအဖြတ်ပေးသည့် စီရင်ထုံးလေ့လာချက်များ အရ **ဖက်ဒရယ်အဆင့်ကပြဋ္ဌာန်းသည့် ဥပဒေကို ဦးစားပေးလိုက်နာကြောင်း** တွေ့ရှိရ

---

[၆၇] ၂၀၁၅ ခုနှစ်၊ တင်သွင်းလွှာအမှတ်-၁၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်ပါ(၂၄) ဦး၏ တင်သွင်းလွှာ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးစီရင်ထုံးများ၊ ၂၀၁၅ ခုနှစ်၊ စာ-၄၉။

[၆၈] ၂၀၂၀ ပြည့်နှစ်၊ တင်သွင်းလွှာအမှတ်- ၁၊ ဦးအယ်လ်ဖောင်းရှိ၊ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ကယားပြည်နယ် အစိုးရအဖွဲ့ နှင့် ဥက္ကဋ္ဌ၊ ကယားပြည်နယ်လွှတ်တော်အမှု၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီရင်ထုံးများ၊ ၂၀၂၀ ပြည့်နှစ်၊ စာ-၁။

သည်။ **ဩစတြေးလျနိုင်ငံတွင်မူ** ဖက်ဒရယ်အဆင့်နှင့် ပြည်နယ်အဆင့်ဥပဒေများကွဲလွဲပါက ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၉ အရ **ဖက်ဒရယ်အဆင့်ဥပဒေက ပြည်နယ်အဆင့်ဥပဒေကို လွှမ်းမိုးကြောင်း** အတိအလင်းပြဋ္ဌာန်းထားသည်။ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်လည်း** ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်ဥပဒေများကွဲလွဲပါက **ပြည်ထောင်စုအဆင့်ဥပဒေများက လွှမ်းမိုးကြောင်း** ပြဋ္ဌာန်းထားပါသည်။ **ဂျာမနီနိုင်ငံတွင်ကား** ဖက်ဒရယ်အဆင့်နှင့် ပြည်နယ်အဆင့်တို့မှပြဋ္ဌာန်းသော ဥပဒေများကွဲလွဲပါက **ရှေ့၌ပြဋ္ဌာန်းထားသောဥပဒေထက် နောက်မှပြဋ္ဌာန်းသောဥပဒေအား ဦးစားပေးလိုက်နာရကြောင်း** တွေ့ရပါသည်။ ထို့ပြင် **အမျိုးသားအကျိုးစီးပွားအတွက်လိုအပ်ပါက အပိုဒ်၇၂(၂) တွင် ခြွင်းချက်ပြုထားသော ဥပဒေပြုကဏ္ဍ (၁၀) ခု တွင် ဖက်ဒရယ်အဆင့်က ပြဋ္ဌာန်းသောဥပဒေများက ပြည်နယ်အဆင့်ဥပဒေများအား လွှမ်းမိုးကြောင်း တွေ့ရပါသည်။** ထိုကဲ့သို့ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွားမှုများကို ဆုံးဖြတ်ရန်အတွက် ဂျာမနီနိုင်ငံတွင် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ကျယ်ပြန့်သောတရားစီရင်ရေးအာဏာများ အပ်နှင်းထားပါသည်။

ဤသို့အားဖြင့် ဂျာမနီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်တွင် မဏ္ဍိုင် (၃) ရပ်ဖြင့် အာဏာခွဲဝေခြင်း (Separation of Powers) ကျင့်သုံးပုံ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ဖော်ဆောင်ကျင့်သုံးပုံ၊ ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများအကြား အာဏာခွဲဝေပုံ (Division of Powers)၊ ဗဟိုနှင့် ပြည်နယ်များပူးပေါင်းဆောင်ရွက်ကြပုံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်သုံးသပ်ဆောင်ရွက်ပုံနှင့် ထင်ရှားသည့်အမှုများ၊ အခြေခံဥပဒေပြင်ဆင်ခြင်းနှင့် အရေးပေါ်အခြေအနေဆိုင်ရာပြဋ္ဌာန်းချက်များမှ သိမှတ်ဖွယ်အချို့အားစုစည်းတင်ပြအပ်ပါသည်။

* * * * * *

**ကျမ်းကိုးစာရင်း**


၁။ Germany's Constitution of 1949.

၂။ Germany, A Country Study Area Handbook Series, Federal Research Division, Library of Congress, edited by Eric Solsten, August 1995, 3rd edition, pp-xxiii-xxviii (Chronology of Important Events).

၃။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၃)၊ စာပေဗိမာန်၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ ရန်ကုန်မြို့။

၄။ နိုင်ငံတကာအဘိဓာန်၊ နွယ်နီစာတည်းအဖွဲ့၊ ပညာရွှေတောင်စာအုပ်တိုက်၊ ဒုတိယ အကြိမ်ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၀၃ ခုနှစ်။

၅။ The Act on the Federal Constitutional Court, 1951.

၆။ Constitutional History of Germany, https:// constitutionnet.org/ country/ Germany.

၇။ https://www.bundesrat.de/EN/homepage/homepage-node.html

၈။ https://www.bundestag.de/en/

၉။ The Constitutional Jurisprudence of the Federal Republic of Germany, Donald P. Kommers and Russelle A. Miller, Third Edition, Revised and Expanded, Duke University Press, Durham and London, 2012.

၁၀။ Cooperative Federalisms and the Dominant Role of Consensus in Germany Federalism, Roland Sturm, Professor at Political Science Department, Friedrich Alexander University, Erlangen-Nuremburg.